## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသော လေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

**ဓမ္မပဒ**

# မြဝတီ နေ့စဉ်

### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

သတင်းလောက ရှေ့ဆောင်မည် လူထုကြားက မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၇၃)

၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်
၂၀၂၅ ခုနှစ်၊ ဇွန် ၃၀ ရက်၊ တနင်္လာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိ

**နေပြည်တော် ဇွန် ၂၉**

ဘယ်လာရုစ်နိုင်ငံ၊ မင့်စ်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ် (EEF 2025)သို့ တက်ရောက်ခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Buryatia ပြည်နယ်သို့ တရားဝင်ချစ်ကြည်ရေး ခရီးစဉ်ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် Buryatia ပြည်နယ်၊ Ulan-Ude မြို့၊ Baikal အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မြန်မာနိုင်ငံသို့ အထူးလေယာဉ်ဖြင့်ပြန်လည်ထွက်ခွာသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များအား လေဆိပ်တွင် Buryatia ပြည်နယ်၊ ပြည်နယ်အကြီးအကဲ Mr. Aleksey SambuyevichTsydenov နှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ကျော်စိုးဦးနှင့်တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ ☆**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Buryatia ပြည်နယ်၊ ပြည်နယ်အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov တို့က Buryatia ပြည်နယ်မှ Arigus၊ ATV၊ Tivicom တို့ အပါအဝင် ဒေသခံမီဒီယာများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားချက်

စာ - ၅ သို့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Buryatia ပြည်နယ်၊ Ulan-Ude မြို့ရှိ Leo Bardamov ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာ

စာ - ၆ သို့

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇွန် ၃၀ ရက်)

# ငြိမ်းချမ်းရေး အလှမ်းမဝေးတော့ပါ

ငြိမ်းချမ်းရေးသည် လူသားအားလုံးနှစ်သက်သဘောကျသည့်အရာဖြစ်သည်။ မိမိတို့နေ့စဉ်လူမှုစီးပွားဘဝများကို ဖြတ်သန်းရာတွင် စိတ်နှလုံးအေးချမ်းစွာဖြင့်ဖြတ်သန်းလိုကြသည်မှာ လူသားတိုင်း၏တူညီသောဆန္ဒဖြစ်သည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးစတင်ရရှိခဲ့သော်လည်း လွတ်လပ်ရေးနှင့်အတူပူးတွဲပါရှိလာသည်မှာ ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုများဖြစ်သည်။ နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကိုကျူးကျော်တိုက်ခိုက်စဉ်ကာလများ၌ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သောတိုင်းရင်းသားအပေါင်းတို့သည် ရရာလက်နက်စွဲကိုင်ကာ နယ်ချဲ့ကိုတော်လှန်တိုက်ခိုက်ခဲ့ကြသည်။ ခေတ်မီလက်နက်မရှိ၍သာ အညံ့ခံခဲ့သော်လည်း တိုင်းရင်းသားအားလုံးစည်းလုံးညီညွတ်စွာ တိုက်ပွဲဝင်ခဲ့ခြင်းက နယ်ချဲ့တို့အတွက် ခက်ခဲစွာဖြေရှင်းခဲ့ရသည်။

မြန်မာနိုင်ငံသည် အင်္ဂလိပ်ကိုလိုနီမဖြစ်မီက ကိုယ့်မင်း၊ ကိုယ့်ချင်းဘဝကတည်းက တိုင်းရင်းသားအားလုံးအတူစုပေါင်းနေထိုင်သည့် ပြည်ထောင်စုစနစ်ကိုကျင့်သုံးခဲ့သည့် မိသားစုနိုင်ငံဖြစ်သည်။ မြန်မာတို့၏နောက်ဆုံးဘုရင်သီပေါမင်းကို အင်္ဂလိပ်တို့ဖမ်းဆီးခေါ်ဆောင်သွားစဉ် အင်္ဂလိပ်လက်ထဲမှသီပေါမင်းကိုပြန်လုရန် ညောင်ရွှေစော်ဘွားဦးစောမောင်သည် နောက်ပါအင်အား ၅၀၀ နှင့် မန္တလေးဘုရားကြီးကစောင့်နေခဲ့သည်။ ဤသို့သောစည်းလုံးညီညွတ်မှုများကြောင့် နယ်ချဲ့အင်္ဂလိပ်များက ဗမာနှင့်တိုင်းရင်းသားများပူးပေါင်းသွားမည်ကိုစိုးရိမ်ခဲ့ကြသည်။ မပူးပေါင်းမိအောင်လည်း တိုင်းရင်းသားဒေသများနှင့် မြန်မာပြည်အလယ်ပိုင်းဒေသကိုသွေးခွဲအုပ်ချုပ်နိုင်ရေး ရှမ်းပြည်နယ်များအက်ဥပဒေ၊ ကချင်တောင်တန်းလူမျိုးများစည်းမျဉ်းဥပဒေ၊ ချင်းတောင်တန်းစည်းမျဉ်းဥပဒေ စသည်ဖြင့်အုပ်ချုပ်မှုစနစ်အမျိုးမျိုး၊ ဥပဒေအမျိုးမျိုးကျင့်သုံးဆောင်ရွက်ခဲ့သည်။

ထိုသို့သွေးခွဲအုပ်ချုပ်မှု၏အကျိုးဆက်များကြောင့် တိုင်းရင်းသားချင်း၊ လူမျိုးစုချင်းအကြား သွေးကွဲခဲ့ရပြီး တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများပေါ်လာခြင်းဖြစ်သည်။ အဆိုးဆုံးအခြေအနေမှာ ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်အတွင်း ပါလီမန်ဒီမိုကရေစီခေတ်တွင် နိုင်ငံရေးကွဲပြားမှု၊ လူမျိုးရေးကွဲပြားမှု၊ တိုင်းရင်းသားရေးကွဲပြားမှု၊ အယူဝါဒရေးကွဲပြားမှုများမှတစ်ဆင့် အုပ်ချုပ်သူအစိုးရအဆက်ဆက်ကိုလက်နက်စွဲကိုင်ဆန့်ကျင်ခြင်းမှ ပဋိပက္ခစတင်ခဲ့သည်။ မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရအဆက်ဆက်သည် လက်နက်ကိုင်အဖွဲ့အစည်းများနှင့်ပတ်သက်၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အကြိမ်ကြိမ်ကျင်းပခဲ့သည်။ အောင်မြင်မှုရာခိုင်နှုန်းပြည့်မရရှိသည့်အတွက် မြန်မာနိုင်ငံတွင် ယနေ့တိုင်လက်နက်ကိုင်ပဋိပက္ခရှိနေပြီး တိုင်းပြည်တိုးတက်မှုနှေးကွေးခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကိုစတင်တာဝန်ယူချိန်မှစ၍ ငြိမ်းချမ်းရေးကိုအလေးထားဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာ့နိုင်ငံအများစုတွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများရှိကြသော်လည်း ရန်ကိုရန်ချင်းတုံ့နှင်းခြင်း၏ အဆုံးမသတ်နိုင်မှုနှင့်တည်ငြိမ်အေးချမ်းခြင်း၏တန်ဖိုးအကျိုးရလဒ်ကို သိရှိနားလည်လာကြသဖြင့် နှစ်ဖက်ပြေအေးပြီး ငြိမ်းချမ်းရေးကိုဆောလျင်စွာယူကြသည်။ ထိုနိုင်ငံများမှာ ယနေ့ကာလတွင် ဖွံ့ဖြိုးတိုးတက်မှု၊ အေးချမ်းသာယာဝပြောမှုအသီးအပွင့်များကိုခံစားနေကြရပြီဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ယခုနှစ်ကုန်တွင်ကျင်းပရန်သတ်မှတ်ပေးထားပြီးဖြစ်သည်။

ထို့ကြောင့် "ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့်ဖက်ဒရယ်စနစ်တို့ ပေါင်းစည်းခြင်းမှအေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့"သုံးသပ်ဆွေးနွေးပွဲ ငြိမ်းချမ်းရေးဖိုရမ်-Peace Forum 2025 ကို ဇွန်လ ၂၅ ရက် မှ ၂၇ ရက်အထိ နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ကျင်းပခဲ့သည်။ အဆိုပါဖိုရမ်ကို ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို မြှင့်တင်နိုင်ရန်၊ ယုံကြည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုများတည်ဆောက်ရန်၊ လူသားချင်းစာနာမှုအကူအညီများနှင့် လူမှုစီးပွားဘဝစိန်ခေါ်မှုများကိုကိုင်တွယ်ဖြေရှင်းနိုင်ရန်၊ နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ရန်" ဟူသောရည်ရွယ်ချက်(၄)ရပ်ဖြင့် ကျင်းပခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ရင်ဆိုင်နေရသည့်စိန်ခေါ်မှုများ၊ ခြိမ်းခြောက်မှုများကိုဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် စုပေါင်းအဖြေရှာဖော်ထုတ်ကြရမည်ဖြစ်သည်။

နိုင်ငံတော်၏ပကတိအခြေအနေကိုသိမြင်ပြီး နိုင်ငံသားအားလုံးက မိမိတို့နိုင်ငံတည်ဆောက်ရေးတွင် တစ်တပ်တစ်အားပါဝင်၍တွေ့ကြုံလာသည့်အခက်အခဲများကိုလည်း နိုင်ငံသားအချင်းချင်းညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များကို ပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်ကောင်းကျိုးအတွက် အမြင်တူသည်များကိုစုပေါင်းလုပ်ဆောင်၍ အမြင်မတူသည်များကို ညှိနှိုင်းဖြေရှင်းကြရမည်ဖြစ်သည်။ နိုင်ငံတော်အကျိုးစီးပွားကို ဘုံရည်မှန်းချက်အဖြစ်ထားရှိဆောင်ရွက်နိုင်ရေးသည် အလွန်အရေးကြီးလှသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်အရေးပါသည့်အကြံဉာဏ်များနှင့် အကူအညီများပေးနိုင်သည့်နိုင်ငံတကာမှမိတ်ဆွေများ ပူးပေါင်းပါဝင်လာရေးသည်လည်း ငြိမ်းချမ်းရေးဖြစ်စဉ်အတွက်ကြီးမားသည့်အထောက်အပံ့ဖြစ်သည်။ ယခုနှစ်ကုန်တွင်ကျင်းပမည့် လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲတစ်ရပ်အောင်မြင်စွာကျင်းပနိုင်ရေး၊ ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲအလွန်အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် အပြန်အလှန်ယုံကြည်မှုများတည်ဆောက်ပြီး လက်တွေ့ကျသည့်နည်းဗျူဟာများကို ဖိုရမ်တွင်ဖော်ထုတ်နိုင်ခဲ့ကြပြီဟုယုံကြည်သည်။ အနှစ်ချုပ်ဆိုရသော် ပြည်သူလူထုမျှော်လင့်တောင့်တနေသည့် ငြိမ်းချမ်းရေးပန်းတိုင်မှာ အလှမ်းမဝေးတော့ဟုယုံကြည်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

ပဲခူး ဇွန် ၂၉

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ဇွန်လ ၂၈ ရက်နံနက်ပိုင်းတွင် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၃/၂၀၂၅) ကျင်းပသည်။

ရှေးဦးစွာတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်ချက်များကို ဖတ်ကြားသည်။

ထို့နောက်ပြည်ခရိုင်၊ သာယာဝတီခရိုင်၊ နတ်တလင်းခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပဲခူးခရိုင်တို့မှ ခရိုင်စိုက်ပျိုးရေးဦးစီးမှူးများက မြို့နယ်အလိုက် နွေစပါးရိတ်သိမ်းပြီးစီးမှု၊ ပန်းတိုင်အထွက်နှုန်းကျော်လွန်ထွက်ရှိမှုနှင့် မိုးရာသီတွင်စိုက်ပျိုးသွားမည့်သီးနှံများအလိုက် လက်ရှိစိုက်ပျိုးပြီးစီးမှုအခြေအနေနှင့် စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးဆောင်ရွက်မည့်လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သောင်းထိုက်က မိုးရာသီတွင် ဖြစ်ပေါ်တတ်သည့်ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံစိုက်ဧကများလျော့နည်းမှုမရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် အချက်အလက်များကိုလည်းကောင်း၊ တိုင်းဒေသကြီးစိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုအဖွဲ့ အဖွဲ့ဝင်များက စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းအကြံပြုတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့နယ်တစ်ခုချင်းအလိုက် လိုအပ်သည်များမှာကြားကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၃၀-၆-၂၀၂၅(တနင်္လာနေ့)

၁။ ၀၉:၀၀ Sport News
၂။ ၁၁:၅၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်
၃။ ၁၅:၀၀ Jumping For You
၄။ ၁၆:၄၀ I Music
၅။ ၁၈:၂၀ ဂုဏ်ယူအလွမ်း
၆။ ၂၂:၂၀ Goodnight Listeners

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၂၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# အိမ်မဲမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက် ဧက ၁၀၀၀ ကျော်စိုက်ပျိုးလျက်ရှိ

အိမ်မဲ ဇွန် ၂၉

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက် ဧက ၁၀၀၀ ကျော် စိုက်ပျိုးလျက်ရှိကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ပြောပြချက်အရ သိရသည်။

အိမ်မဲမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက် ဧက ၁၀၀၀ ကျော်ကို ဇွန်လတတိယပတ်မှ စတင်စိုက်ပျိုးလျက်ရှိပြီး အဆိုပါစိုက်ပျိုးမည့်ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ခင်းများအထိကွင်းဆင်း၍ တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဟင်းသီးဟင်းရွက်လျာထားဧက ၁၁၀၈ ဧက စိုက်ပျိုးမှာဖြစ်ပါတယ်။ လက်ရှိစိုက်ပျိုးမယ့် ဟင်းသီးဟင်းရွက်တွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ လျာထားချက်ပြည့်မီကျော်လွန်အောင်စိုက်ပျိုးနိုင်ဖို့ မိုးသီးနှံမစိုက်မီ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ဒေါ်ခင်ဌေးမြင့်က ပြောသည်။

အိမ်မဲမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပန်းဂေါ်ဖီ၊ ကြက်သွန်နီ၊ နံနံ၊ မုန်လာ၊ ဘူးသီး၊ တိုင်ထောင်ပဲ၊ ခရမ်း၊ ရုံးပတီ၊ ချဉ်ပေါင် စသည့်ဟင်းသီးဟင်းရွက်များကို အများဆုံးစိုက်ပျိုးကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေးတို့အတွက် ပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး တခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လျက်ရှိကြောင်း သိရသည်။



**သုတကျော်**

# ရွှေလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ



ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ်မှ ရွှေလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇွန်လ ၂၉ ရက်တွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ UMFCCI အထွေထွေအတွင်းရေးမှူးချုပ်ဒေါ်ခိုင်ခိုင်နွယ်က ရွှေလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးရာတွင် အကြံဉာဏ်ပေးရန်၊ ဆွေးနွေးပေးရန်နှင့် တက်ရောက်လာကြသူများ၏ အကြံဉာဏ်များကို အသင်းမှ စုပေါင်းအဖြေထုတ်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတွင်ပါဝင်သူအားလုံးအနေဖြင့် ပိုမိုကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးစားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးကျော်ဝင်းက ရွှေလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် အချက်(၄)ချက်ရှိပြီး ဆင့်ပွားအချက်များလည်းရှိကြောင်း၊ မိမိတို့လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီးလုပ်ကိုင်နိုင်ရန်၊ ရွှေအဆင့်အတန်းဖွံ့ဖြိုးတိုးတက်ရန်၊ နိုင်ငံတော်၏စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းကြရန်လိုအပ်ကြောင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဝင်းက ရွှေသန့်စင်ခြင်းလုပ်ငန်း ခွင့်ပြုမိန့်လျှောက်ထားရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး အလုပ်ရုံဆွေးနွေးပွဲတွင် မီးလင်းရွှေတုံးရွှေခဲများကို တရားမဝင်ရောင်းဝယ်ခြင်းမှ တရားဝင်ဖြစ်အောင်အကြံပြုခြင်း၊ လက်ဝတ်ရတနာရွှေဆိုင်များ ရောင်းဝယ်မှုစီမံထားရှိခြင်းနှင့် အမျိုးအစားခွဲခြား၍ အလျော့တွက်မည်သို့သတ်မှတ်သင့်သည်ကို ဆွေးနွေးခြင်း၊ မိမိတို့ဆိုင်၏ Page တွင် သတ်မှတ်ထားသော ရွှေရည်ညွှန်းဈေးအတိုင်းကြေညာပြီး ရောင်းဝယ်ခြင်း၊ အကြံပြုတင်ပြခြင်းများကို ဆွေးနွေးရာ တက်ရောက်လာကြသူများက ပါဝင်ဆွေးနွေးကြကြောင်း သိရသည်။

**ခင်မောင်တင်**

# ခန္တီးမြို့အနီး၌ တည်ဆောက်လျက်ရှိသော ၁ မဂ္ဂါဝပ် ဆိုလာဓာတ်အားပေးစက်ရုံကို ယခုဘဏ္ဍာနှစ်အတွင်း ရာနှုန်းပြည့်ပြီးစီးရန် ဆောင်ရွက်မည်

ခန္တီး ဇွန် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှကြီးမှူး၍ ခန္တီးခရိုင် ခန္တီးမြို့အနီး၌ တည်ဆောက်လျက်ရှိသော ၁ မဂ္ဂါဝပ် ဆိုလာဓာတ်အားပေးစက်ရုံကို ယခုဘဏ္ဍာနှစ်အတွင်း ရာနှုန်းပြည့်ပြီးစီးရန် ဆောင်ရွက်မည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။

ခန္တီးမြို့နှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားကို ဈေးနှုန်းသက်သာစွာ သုံးစွဲနိုင်စေရန် ခန္တီးမြို့အနီး၌ ၁ မဂ္ဂါဝပ် ဆိုလာဓာတ်အားပေးစက်ရုံကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က စတင်တည်ဆောက်ခဲ့ပြီး ယခုဘဏ္ဍာနှစ်အတွင်း ရာနှုန်းပြည့်တည်ဆောက်ပြီးစီးရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ခန္တီးမြို့အနီးမှာတည်ဆောက်နေတဲ့ ၁ မဂ္ဂါဝပ် ဆိုလာဓာတ်အားပေးစက်ရုံ ရာနှုန်းပြည့်ပြီးစီးသွားတဲ့အခါ ခန္တီးတစ်မြို့လုံးကို ဒီဆိုလာဓာတ်အားပေးစက်ရုံကနေ လျှပ်စစ်ဓာတ်အား လုံလုံလောက်လောက်ဖြန့်ဖြူးပေးနိုင်မယ့်အပြင် အနီးဝန်းကျင်ကျေးရွာတွေကိုလည်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မှာဖြစ်ပါတယ်။ ဒီဆိုလာဓာတ်အားပေးစက်ရုံကို National Grid နဲ့လည်း မချိတ်ဆက်ထားတဲ့အတွက် ထွက်လာတဲ့လျှပ်စစ်ဓာတ်အားတွေအကုန်လုံးကို ခန္တီးမြို့နဲ့အနီးဝန်းကျင်ကျေးရွာတွေက အပြည့်အဝသုံးစွဲနိုင်မှာဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လျှပ်စစ်ဓာတ်အားခကိုလည်း ရန်ကုန်၊ မန္တလေး စသည့်မြို့ကြီးများ၌ ကောက်ခံနေသော နှုန်းထားများအတိုင်း ကောက်ခံမည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် ယခုထက်လျှပ်စစ်ဓာတ်အားခသက်သာမည့်အပြင် လျှပ်စစ်ဓာတ်အားကိုလည်း အပြည့်အဝရရှိသုံးစွဲနိုင်မည်ဖြစ်ရာ ယခုထက်ပို၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း သိရသည်။

အဆိုပါဆိုလာဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးစီးပါက နေ့အခါတွင် နေရောင်ခြည်ကိုအသုံးပြုပြီး ဆိုလာပြားများမှ လျှပ်စစ်ဓာတ်အားများကို တိုက်ရိုက်ဖြန့်ဖြူးပေးမည့်အပြင် ညအခါတွင်လည်း Backup ဘက်ထရီများအတွင်း သိုလှောင်ထားသော လျှပ်စစ်ဓာတ်အားများကိုအသုံးပြုကာ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

"ကျွန်ုပ်ကျန်းမာလာသည်နှင့်တစ်ပြိုင်နက် ညီတော်မောင်၏ အလုပ်ကို ကူညီဖို့စီစဉ်ပါသည်။ ညီတော်မောင်သည် ရောင်းလို သောသူများ၏အိမ်များကိုဝယ်၍ ဖျက်ရောင်းသောအလုပ်ကို လုပ်လျက်ရှိ၏။ ထိုစဉ်က ရန်ကုန်မြို့တွင် လိပ်ကန်လေယာဉ်ပျံ များ မပြတ်လာ၍ ဗုံးချလျက်ရှိသောကြောင့် အိမ်ရှင်များသည် မိမိတို့မနေဝံ့မည့်အတူတူ အိမ်များကို ဖျက်ရောင်းချင်သူ အလွန်ပေါများလျက်ရှိ၏ . . ."

**ယမန်နေ့မှအဆက်**

ရထားမထွက်မီ စိတ်ကိုတင်းထား၍ ရထားထွက်သောအခါမှ လူကွယ်ရာသို့ သွားပြီး စိတ်ကိုလျှော့ချလိုက်ရာ မျက်ရည်များ အတော်ကျသွားသည်တွင်မှ ရင်ထဲ၌ ရှင်းသွားပါတော့သည်။ ကျွန်ုပ်ကို စိတ်အားပျော့သော လူတစ်ယောက်ဟူ၍ အပြစ်မဆိုကြပါလေနှင့်။ စင်စစ်မှာ ကျွန်ုပ်၏ ကျန်းမာရေးမကောင်းသည့်အတွက် ဤမျှလောက် အားငယ်မိခြင်းဖြစ်ပါသည်။ ကျန်းမာရေးပြည့်စုံပါမူကား လောကစံ သည်းခံမှုတွင် ထိပ်ဆိုသောလူကို အလျှော့ပေးလိမ့်မည်မဟုတ်ပါ။

**တက်ဖျား ကျဖျား**

သဃ်န်းကျွန်းဘူတာမှ ဝေဠုဝန်ကျောင်းတိုက်သို့ ပြန်ရောက်သောအခါ ကျွန်ုပ်၏ ငှက်ဖျားသည် တစ်ရက်ခြား မှန်မှန်ကြီး တက်လျက်ရှိလေပြီ။ ယခင်ကမူ ဖျားချင်သောနေ့တွင် ကောက်၍ဖျားပြီး နှစ်ရက်သုံးရက်တန်သည် ကောင်းချင်ကောင်းနေ၏။ ထိုနေ့ကစ၍မူကား ဖျားတစ်နေ့ ကောင်းတစ်နေ့ မှန်မှန်ကြီးလုပ်နေ၏။ ကောင်းသောနေ့များတွင် သူတစ်ပါးနည်းတူ စားနိုင်သောက်နိုင်၍ အဖျားတက်သောနေ့၌မူ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ပြီး ကျောထဲမှစိမ့်၍တက်သည်နှင့် စောင်ဘယ်လောက်ခြုံသည်ဖြစ်စေ မနွေးနိုင်ဘဲရှိ၏။ လူများများ ဝိုင်း၍ဖိပေးလျှင်ကား သက်သာရာရပါ၏။ သို့ရာတွင် ဖိပေးမည့်သူမှာ ညီတော်မောင်၏သားလေး သင်းမောင်နှင့်စုံထောက်အင်စပိတ်တော် ကိုအောင်ဘော်၏သမီးလေး (နှစ်ယောက်စလုံး ၁၀ နှစ်သာသာလောက်ရှိကြသည်။) တို့သာရှိကြ၍ လေးလေးပင်ပင်မရှိသောကြောင့် သက်သာလောက်အောင်မရှိလှချေ။ လူကြီးများထံမှမူကား အကူအညီမတောင်းဘဲ တစ်လျှောက်လုံး ကျိတ်၍ခံခဲ့ပါသည်။ သူတို့မှာလည်း ကိုယ်စီကိုယ်င အလုပ်ရှိကြသူများဖြစ်သည်။ အဖျားလွတ်သောနေ့များတွင် 'တရုတ်များနှိပ်စက်သောအဖြစ်အပျက်' နှင့် တခြားဝတ္ထုတိုတစ်ပုဒ်ကို ထိုစဉ်က ထုတ်သည့် ဂျာနယ်တစ်စောင်သို့ရေးပေးရာ ဤခေတ်တွင် ငွေတာရီမဂ္ဂဇင်းက ပြန်လည်ရိုက်နှိပ်ထည့်သွင်းခဲ့ဖူးပါသည်။

**သေတော့မည်ထင်သော်လည်း**

ဤသို့ဖြင့် တစ်ရက်ခြား ဖျားလိုက် စားလိုက်နှင့် တစ်လကျော်ခန့်ရှိလတ်သော် အဖျားလွတ်သောနေ့များ၌ စားသော အစာသည် မနည်းလှသော်လည်း ဘယ်ရောက်ကုန်သည်မသိ။ တစ်နေ့တခြား ခွန်အားနည်း၍ ချည့်နဲ့ပိန်ကြုံသွားခဲ့လေပြီ။ ၁၉၄၃ ခုနှစ် မတ်လ ၁၅ ရက်နေ့၌ ဒုတိယအိမ်ထောင်မှမွေးသည့်သား စိုးနိုင်က ကျွန်ုပ်အား ထမင်းစားဖို့ဖိတ်သည်နှင့် သွား၍စားခဲ့ရာ အပြန်တွင် လမ်းမလျှောက်နိုင်ဘဲဖြစ်နေ၏။ ဝေဠုဝန်ကျောင်းတိုက်နှင့် စိုးနိုင်၏အိမ်သည် (မန္တလေးအခေါ်) သုံးပြလောက်ဝေးသည်ဖြစ်ရာ ကျောင်းသို့အပြန်တွင် ၎င်းခရီးကို တစ်ဆက်တည်း မလျှောက်နိုင်သဖြင့် လမ်းထောင့်ရှိ ဘုတ်တိုင်တစ်ခုပေါ်တွင် ထိုင်၍နားရသေး၏။ ဒူးများကတုန်၊ ရင်ထဲကလှိုက်လျက်ရှိနေ၏။ ကျွန်ုပ်စဉ်းစားမိသည်ကား 'ငါသည် ဤတောင်မှတက်တော့မည်မထင်၊ တောင်တောင်အီအီ လောကီအာရုံများကိုဖြတ်တောက်ပြီး ငါတွေ့သောတရားအတိုင်း နှလုံးသွင်းမပြတ်အောင် သတိပြုလေလော' ဟု မိမိကိုယ်ကို ဆုံးမမိပါသည်။ အပန်းပြေသောအခါ ထိုင်ရာမှထမိ၍ ဝေဠုဝန်ကျောင်းတိုက်သို့ရောက်သည်တွင် အဆက်မပြတ်သတိမလပ်ဘဲ အိပ်ရာဝင်သည်၌လည်း နှလုံးသွင်းတရားနှင့်ပင် အိပ်ပျော်ခြင်းသို့ရောက်ခဲ့ပါသည်။ နံနက်လင်းသောအခါ ထိုနေ့သည် ဖျားနေကျနေ့ဖြစ်သော်လည်း ဖျားမည့်အရိပ်နိမိတ်မတွေ့ရသည့်အပြင် ပေါ့ပါးဖျတ်လတ်သော ကိုယ်ကာယနှင့် ကြည်လင်ချမ်းမြေ့သော စိတ်နှလုံးရှိနေခြင်းကိုလည်း တွေ့ရ၏။ အကျဉ်းချုပ်လိုက်သော် ကျွန်ုပ်မှာ ထိုနေ့မှစ၍ အဖျားပြတ်သွားပြီး တစ်နေ့တခြား အင်အားပြည့်တင်းသောအဖြစ်သို့ရောက်လာပါတော့သည်။

**ရဲတင်းသော ကိုသိန်းမောင်**

အတန်ငယ် အင်အားတောင့်တင်းလာသောအခါ ကျွန်ုပ်သည် သတင်းစာတိုက်အကြောင်းကိုသိလိုသည်နှင့် အတန်ငယ်ဟန်ကြီးသည်ထင်သော တိုက်အုပ် ဦးဘကလေးထံသို့မသွားဘဲ ကျွန်ုပ်နှင့် အရောတဝင်စကားပြောလေ့ရှိသော ဗြိတိသျှဘားမားသူဌေးဦးညွှန့် (သူရိယဒါရိုက်တာ) ထံသို့သွား၏။ ဗြိတိသျှကုမ္ပဏီသည် ထိုစဉ်က စကော့ဈေးကြီးထဲတွင် (ဘာအတွက် မဆိုနိုင်) ဆိုင်ခန်းတစ်နေရာယူ၍ ဦးညွှန့်ကိုယ်တိုင်ထိုင်ခြင်းကို တွေ့ရ၏။ ကျွန်ုပ်သည် ဆိုင်ခန်းထဲတွင် ဦးညွှန့်နှင့်အတူထိုင်လျက် ဂျူနီဦးစောအကြောင်း၊ ကျွန်ုပ်၏ လခတိုးဖို့သတ်မှတ်ထားခါမှ အလုပ်ပါ ပြတ်လပ်နေရကြောင်းများကို ပြောဆိုလျက်ရှိကြစဉ် ကိုသိန်းမောင်ဝင်လာ၍ ကျွန်ုပ်နှင့်ယှဉ်လျက် ထိုင်လေသည်။ ကိုသိန်းမောင်သည် စကားရှည်စွာ ပလ္လင်မခံဘဲ သူရိယတိုက်တွင် သူမှတစ်ပါး အယ်ဒီတာချုပ်ဖြစ်ထိုက်သောသူမရှိ၊ သူသာလျှင် အသင့်တော်ဆုံးဖြစ်ကြောင်း၊ အမှုထမ်းသက်လည်း အရှည်ဆုံးဖြစ်ကြောင်း၊ သတင်းစာအထားအသို၊ ဆောင်းပါးအပြင်အဆင်၊ အဖြတ်အတောက်စသည်တို့၌လည်း သူသည်သာလျှင် နားအလည်ဆုံးဖြစ်ကြောင်း စသည်များနှင့် သူ၏ အရည်အချင်းများကို ရှည်လျားစွာ တောက်လျှောက်ကြီးခင်းပြလေရာ ဦးညွှန့်နှင့်ကျွန်ုပ်မှာ တစ်ယောက်၏မျက်နှာကို တစ်ယောက် တစ်ချက်တစ်ချက်တွင် လှမ်းကြည့်ကာဖြင့် အံ့အားသင့်စွာ နားထောင်နေကြရလေ၏။ သူ၏စကားဆုံးသည်နှင့်တစ်ပြိုင်နက် ကိုသိန်းမောင်သည် ကျွန်ုပ်ကိုပင် နှုတ်မဆက်ဘဲ ဦးညွှန့်တစ်ယောက်တည်းကို နှုတ်ဆက်ကာ ထသွားလေ၏။ ဦးညွှန့်နှင့်ကျွန်ုပ်လည်း တစ်ယောက်ကိုတစ်ယောက် ကြည့်၍ ဘာမျှမပြောဘဲ ပြုံးရုံမျှ ပြုံးနိုင်ကြပါသည်။ အယ်ဒီတာချုပ်အလုပ်အတွက် ကျွန်ုပ်ထက်သူကသင့်တော်မည်ဟု ကျွန်ုပ်ရှေ့တွင် ဤမျှလောက် ရဲရဲတင်းတင်းထုတ်ဖော်ပြောပြဝံ့ခြင်းမှာ သူသည် ဘယ်နှတန်းများအောင်ထား၍ ဘာစာအုပ်တွေများဖတ်ပြီး ဘာစာများရေးဖူးလေသနည်းဟု ကျွန်ုပ်အံ့ဩမိပါတော့သည်။

**အိမ်ဖျက်ပွဲစားအလုပ်**

ကျွန်ုပ်သည် မည်သူ၏ထမင်းကိုစားသည်ဖြစ်စေ၊ ယုတ်စွအဆုံး သူ၏ထမင်းအတွက် ကျေအောင်ဆိုကာ ကိုယ်တတ်နိုင်သည့် နေရာတစ်ခုခုလုပ်ပေးမည်ဟူသော ရည်ရွယ်ချက်ထားတတ်သူဖြစ်ပါသည်။ ကျွန်ုပ် ကျန်းမာလာသည်နှင့်တစ်ပြိုင်နက် ညီတော်မောင်၏အလုပ်ကို ကူညီဖို့စီစဉ်ပါသည်။ ညီတော်မောင်သည် ရောင်းလိုသောသူများ၏အိမ်များကို ဝယ်၍ ဖျက်ရောင်းသောအလုပ်ကို လုပ်လျက်ရှိ၏။ ထိုစဉ်က ရန်ကုန်မြို့တွင် လိပ်ကန်လေယာဉ်ပျံများ မပြတ်လာ၍ ဗုံးချလျက်ရှိသောကြောင့် အိမ်ရှင်များသည် မိမိတို့မနေဝံ့မည့်အတူတူ အိမ်များကို ဖျက်ရောင်းချင်သူ အလွန်ပေါများလျက်ရှိ၏။ ကျွန်ုပ်သည် ကိုခင်မောင်တင့်ကိုခေါ်၍ အိမ်ဖျက်ပွဲစားလုပ်ကြဖို့တိုင်ပင်ရာ သူ့မှာလည်း အလုပ်မရှိသည်နှင့် ဝမ်းမြောက်စွာ သဘောတူ၏။ အဆင်သင့်ပုံတစ်ခုမှာလည်း သူ၏ညီ ခင်မောင်ဆင့်သည် ကျောက်မြောင်းရပ် ဩဘာလမ်း၌ရှိသော သူ၏အိမ်ကို ရောင်းချင်သည်ဆို၍ ညီတော်မောင်နှင့်ဆိုင်ပေးရာ ဈေးတည့်ကြသဖြင့် ကျွန်ုပ်တို့က ဖျက်ပေးရန်တာဝန်ယူကြရသည်။ ကျွန်ုပ်တို့၏ တာဝန်များမှာကား လက်သမားများခေါ်၍ ဖျက်စေပြီးလျှင် အသားကောင်းများမှ ထင်းဖြစ်မသွားစေရန် စောင့်ကြည့်ကြဖို့ဖြစ်လေသည်။ ကိုခင်မောင်တင့်နှင့် ကျွန်ုပ်သည် ညီတော်မောင်၏အလုပ်ကိုလုပ်ကြရာတွင် မည်ရွေ့မည်မျှ အဖိုးအခ (သို့မဟုတ် ပွဲခ) ရကြမည်ဟု စကားအပြောအဆိုမရှိ။ ကျွန်ုပ်တို့က အလုပ်ရှိလျှင် တော်စေ၊ သူကြည့်၍ ပေးလိမ့်မည်၊ ရသမျှအမြတ်ပဲဟူ၍ အောက်မေ့ကြသူများဖြစ်လေသည်။ လောက၌ (ငွေရေးကြေးရေးဟူသည်) မိတ်ဆွေဖြစ်စေ၊ ညီအစ်ကိုမောင်နှမဖြစ်စေ မသေမချာ 'ဝါစာကမာ'သဘောမျိုးလုပ်လျှင် နေရာမကျကြောင်း သင်ခန်းစာရခဲ့ပါသည်။

**မောင်မင်းကြီးသားများ**

တစ်နေ့သ၌ မစိုးသည် ရန်ကုန်၌ ဗုံးတွေအားကြီးချသည်ဟုကြား၍ ကျွန်ုပ်အားစိတ်မချဆိုကာ မြစ်ကျိုးမှပြန်ရောက်လာ၏။ ကျွန်ုပ်ကလည်း ကောင်းစွာကျန်းမာပြီဖြစ်သောကြောင့် လူနာတစ်ယောက်အနေဖြင့် အားနာစရာမရှိတော့ဟုဆိုကာ မြစ်ကျိုးသို့အလည်သွားဖို့ စိတ်ကူးလျက်ရှိစဉ် ကျွန်ုပ်သွားမည်ကြံသည့်နေ့မတိုင်မီ တစ်ရက်တွင် မစိုးပြန်ရောက်လာလေသည်။ တခြားသောအချိန်အခါများ၌မူ ဤအဖြစ်မျိုးသည် ကိစ္စမရှိ။ ရယ်စရာလေးတစ်ခုသာဖြစ်နိုင်၏။

**ဆက်လက်ဖော်ပြပါမည်။**

## စစ်ကိုင်းမြို့၌ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**စစ်ကိုင်း ဇွန် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၂၉ ရက်တွင် စစ်ကိုင်းမြို့ရှိစစ်ကိုင်းပညာရေးတက္ကသိုလ်၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်က အမှာစကားပြောကြားပြီး စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများထံ စိုက်ပျိုးမည့်ပျိုးပင်များ ပေးအပ်သည်။

ထို့နောက် စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်းက ကျေးဇူးတင်စကားပြောကြားပြီး စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ၊ စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်းနှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

ထိုသို့စိုက်ပျိုးရာတွင် မဲဇလီပင်၂၀၀၊ ဒဟတ်ပင် ၁၀၀၊ စိန်ပန်း ၁၀ ပင်၊ တမာပင် ၅၀၊ ဖျောက်ဆိပ်ပင် ၃၀၊ ရင်းမာ ၁၀ ပင်၊ ခရေသုံးပင် စုစုပေါင်းပျိုးပင် ၄၀၃ ပင်ကို မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးကြကြောင်း သိရသည်။



နေလင်းအောင်(ပြန်/ဆက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Buryatia ပြည်နယ်၊ ပြည်နယ်အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov တို့က Buryatia ပြည်နယ်မှ Arigus၊ ATV ၊ Tivicom တို့ အပါအဝင် ဒေသခံမီဒီယာများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားချက်



**မေး။** မကြာမီနှစ်အတွင်းမှာ ရုရှား-မြန်မာ ပူးပေါင်းဆက်ဆံရေး လုပ်ငန်းတွေဟာ အများကြီးလုပ်ခဲ့တာ ဖြစ်ပါတယ်။ အထူးသဖြင့် ယဉ်ကျေးမှုအခန်းကဏ္ဍတွေရော၊ ကဏ္ဍပေါင်းစုံမှာ ပူးပေါင်းဆောင်ရွက်မှုတွေလုပ်ဆောင်ထားတာရှိပါတယ်။ ဒီအထဲမှာ Buryatia နဲ့ ပတ်သက်ပြီးတော့လည်း ပူးပေါင်းဆောင်ရွက်မှုလုပ်နေတာတွေ ရှိပါတယ်။ အနာဂတ်မှာ Buryatia နဲ့ပတ်သက်ပြီးတော့ Buryatia နဲ့ မြန်မာအကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေ ဘယ်လိုအပိုင်းတွေကို လုပ်ဖို့အတွက် ရည်ရွယ်ထားတာရှိပါသလဲ။

**ဗိုလ်ချုပ်မှူးကြီး။** အခု ဒီနေ့ကျွန်တော်လာကြည့်တဲ့ မီးရထားစက်ရုံလုပ်ငန်း အပါအဝင်စောစောပိုင်းက လေယာဉ်စက်ရုံလည်း ကျွန်တော်သွားကြည့်ခဲ့တယ်။ ဒါတွေကတော့ ကျွန်တော်တို့နှစ်ဖက် ပူးပေါင်းဆောင်ရွက်ဖို့အတွက် အလားအလာရှိတဲ့နေရာတွေ ဖြစ်ပါတယ်။ ဒါပြီးလို့ရှိရင် Buryatia မှာလည်း ဒီပြည်နယ်က ဗုဒ္ဓဘာသာကိုးကွယ်တဲ့ ပြည်နယ်သူပြည်နယ်သားတွေ ရှိတယ်။ မြန်မာနိုင်ငံကလည်း ဗုဒ္ဓဘာသာနိုင်ငံဖြစ်တဲ့အခါကျတော့ ဗုဒ္ဓဘာသာနဲ့ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုတွေက အလားအလာတွေလည်းရှိတယ်။ နောက် ကျန်းမာရေးနဲ့ ပတ်သက်တာတွေရှိတယ်။ နောက် ဝန်ကြီးချုပ် ကမ်းလှမ်းထားတဲ့ ပညာသင်ကြားရေးနဲ့ပတ်သက်တဲ့ ကမ်းလှမ်းချက်လည်းရှိတယ်။ ပညာရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတွေလည်း ကျွန်တော်တို့ ရှိပါလိမ့်မယ်။ နောက် စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့လုပ်ငန်းတွေလည်း ဆွေးလည်း ဆွေးနွေးပြီး ဆောင်ရွက်သွားဖို့ရှိပါလိမ့်မယ်။ နယ်ပယ်တော့ အများကြီးရှိတယ်။ လုပ်စရာနယ်ပယ်တွေ အများကြီးရှိတယ်ဆိုတဲ့ အကြောင်း ကျွန်တော်ပြောချင်ပါတယ်။

**မေး။** အခုလက်ရှိ Buryatia ကိုလာရောက်တဲ့အတွက် အဆွေတော် နိုင်ငံတော်ဝန်ကြီးချုပ်ကြီးအနေနဲ့ Buryatia နဲ့ ပတ်သက်ပြီးတော့ ဘယ်လိုမျိုးမြင်ပါသလဲ။ Buryatia ရဲ့ အလှအပတွေ၊ Buryatia ရဲ့ သန့်ရှင်းမှုတွေနဲ့ပတ်သက်ပြီး ဘယ်လိုမျိုးမြင်ပါသလဲ။

**ဗိုလ်ချုပ်မှူးကြီး။** အင်မတန် စိတ်ချမ်းသာရပါတယ် လာရတာ။ သာယာလှပတဲ့ဒေသတစ်ခုပေါ့။ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ ရင်းနှီးတဲ့ပတ်ဝန်းကျင်တစ်ခုကို ကျွန်တော်လာရတယ်လို့ ခံစားရပါတယ်။ ကျွန်တော် သုံးကြိမ်ရှိပြီလာတာ။ ကိုယ့်ဒေသကို လာရသလို ကျွန်တော်ရင်းနှီးတဲ့စိတ်ရှိပါတယ်။ နောက်ထပ်လည်းလာနိုင်ဖို့ ကျွန်တော် ကြိုးစားဦးမယ်လို့ပြောလိုပါတယ်။

**မေး။** Buryatia ပြည်နယ်အကြီးအကဲအနေနဲ့ ယခုကဲ့သို့ မြန်မာနိုင်ငံကနေ နိုင်ငံတော်ဝန်ကြီးချုပ် ချစ်ကြည်ရေးခရီးစဉ် လာရောက်မှုနဲ့ပတ်သက်ပြီး မည်သို့ခံစားရပါသလဲ။ ပြီးတော့ မြန်မာနိုင်ငံနဲ့ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ပတ်သက်ပြီး ပြောကြားပေးစေလိုပါတယ်။

**Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ ။** မြန်မာနိုင်ငံကနေ သုံးကြိမ်လာတယ်ဆိုတော့ ကျွန်တော်အရမ်းကို ဂုဏ်ယူဝမ်းမြောက်မှုဖြစ်ပါတယ်။ သုံးကြိမ်လာတယ်ဆိုတာက ကျွန်တော်တို့ပြည်နယ်ကို ဘယ်လောက်အထိ ချစ်တယ်ဆိုတာကို ပြယုဂ်ဖြစ်ပါတယ်။ ကျွန်တော်တို့ပြည်နယ်နဲ့ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းတွေလည်း အများကြီးအကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ်လို့လည်း မျှော်လင့်ပါတယ်။ ပြီးခဲ့တဲ့ မကြာမီနှစ်အတွင်းက ကျွန်တော်တို့ Rapid Bio ဆေးဝါးကုမ္ပဏီအနေနဲ့ မြန်မာနိုင်ငံမှာ ကျွန်တော်တို့ ဆေးဝါးနည်းပညာနဲ့ပတ်သက်ပြီး ပစ္စည်းတင်သွင်းဖို့အတွက် Register တွေ လုပ်နေတာလည်း ရှိပါတယ်၊ ကျွန်တော်တို့ Ulan-Ude က ထုတ်ထားတဲ့၊ ရဟတ်ယာဉ်စက်ရုံကနေပြီးတော့ ထုတ်ထားတဲ့ရဟတ်ယာဉ်တွေကလည်း မြန်မာနိုင်ငံမှာ အခုဆိုနှစ်အကြာကြီးအထိ အသုံးပြုနေတာတွေ ရှိပါတယ်။ လက်ရှိအချိန်မှာလည်း အသုံးပြုနေသလို အနာဂတ်မှာလည်း ရဟတ်ယာဉ်နဲ့ပတ်သက်ပြီးတော့ ပို့ဆောင်ရေးနဲ့ ပတ်သက်ပြီးတော့လည်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေ အများကြီးလုပ်ဖို့ အတွက် စီစဉ်ထားတာရှိပါတယ်။ ဒီနေ့မှာဆိုရင်လည်း TMH Holding ကုမ္ပဏီကနေပြီးတော့ သူတို့ရဲ့ ထုတ်ကုန်ပစ္စည်းတွေကို သူတို့လုပ်ဆောင်တဲ့ပစ္စည်းတွေနဲ့ပတ်သက်ပြီးတော့လည်း ရှင်းပြသွားတာရှိပါတယ်။ လာမယ့် အနာဂတ်မှာလည်း မြန်မာနိုင်ငံနဲ့ ပူးပေါင်းပြီးတော့ ဒီနယ်ပယ်နဲ့ပတ်သက်ပြီးတော့ ပူးပေါင်းဆောင်ရွက်ဖို့အတွက်လည်း ဆွေးနွေးဖို့အတွက် စီစဉ်ထားတာတွေလည်းရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီပညာရေး ပူးပေါင်းဆောင်ရွက်မှုနဲ့ ပတ်သက်လို့ရှိရင်တော့ မြန်မာနိုင်ငံကနေပြီးတော့ ရုရှားဘာသာစကား ပညာသင်ကြားတဲ့ ဆရာတွေအနေနဲ့ ထပ်ဆင့်သင်တန်းတွေ ပေးဖို့၊ အဆင့်မြင့်သင်တန်းတွေပေးဖို့အတွက်ကို Buryatia မှာ သင်ပေးနိုင်သလို၊ ကျွန်တော်တို့ Buryatia မှာရှိတဲ့ တက္ကသိုလ်မှာလည်း မြန်မာဘာသာစကားကို သင်ကြားဖို့အတွက် မြန်မာဘာသာစကားဌာန ဖွင့်ဖို့အထိလည်း ရည်ရွယ်ပြီးတော့ ဆောင်ရွက်နေတာရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ မြန်မာနိုင်ငံကလာတဲ့ အထူးဧည့်သည်တော်တွေကို ရေကန်ကို လိုက်လံပြသပေးပါတယ်။ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာကလည်း ကျွန်တော်ကိုယ်တိုင်ဦးဆောင်ပြီးတော့ မြန်မာနိုင်ငံကို Delegation သွားရောက်ခဲ့တာရှိပါတယ်။ သွားရောက်ခဲ့တဲ့ အချိန်မှာလည်း မြန်မာနိုင်ငံကနေပြီးတော့ ကျွန်တော်တို့ကို လှိုက်လှဲစွာကြိုဆိုခဲ့တာတွေလည်း ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ ပြောကြားလိုတာကတော့ မြန်မာနိုင်ငံက သာယာလှပတဲ့အလှတရားတွေ၊ ယဉ်ကျေးမှုတွေကို ကျွန်တော်တင်မကဘဲနဲ့ Delegation အဖွဲ့ဝင်အားလုံးက ခံစားခဲ့ရတာတွေရှိပါတယ်၊ ဒါကြောင့်မို့လို့ နှစ်နိုင်ငံ အပြန်အလှန် ကျွန်တော်တို့ Tourism အခန်းကဏ္ဍကို မြှင့်တင်ဖို့အတွက်လည်း ကျွန်တော်တို့ လျာထားစီစဉ်ထားတာ ရှိပါတယ်။

**ဗိုလ်ချုပ်မှူးကြီး။** ခင်ဗျားတို့ မီဒီယာအဖွဲ့တွေလည်း မြန်မာနိုင်ငံမှာလာပြီး လေ့လာဖို့အတွက် ကျွန်တော်ဖိတ်ပါတယ်။ မြန်မာပြည်ရဲ့အခြေအနေတွေအားလုံးကို ခင်ဗျားတို့ ပြည်နယ်အကြီးအကဲကတော့ အကြမ်းဖျင်းရှင်းပြတာပေါ့။ ခင်ဗျားတို့ လာတဲ့အခါကျရင် ဒီထက်ပိုပြီး ထိတွေ့မှု ခံစားမှုပိုပြီးကောင်းပါလိမ့်မယ်၊ ကျွန်တော် မကြာခင်မှာ ခင်ဗျားတို့ မျက်နှာလေးတွေ မြန်မာနိုင်ငံမှာ တွေ့ရမယ်လို့ ယုံကြည်ပါတယ်။ ။

## အာရှဖလားအမျိုးသမီးခြေစစ်ပွဲ အုပ်စုပထမပွဲတွင် မြန်မာအသင်း ဂိုးပြတ်အနိုင်ရ


ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၂၆ အာရှဖလား အမျိုးသမီး ခြေစစ်ပွဲ အုပ်စု (ဂ) ပထမနေ့ကို ဇွန်လ ၂၉ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ဂိုးပြတ် အနိုင်ရခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ပထမပွဲအဖြစ် တာ့ခ်မင်နစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ ရှစ်ဂိုးပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဂိုးပြတ်အနိုင်ရလဒ်နှင့်အတူ အဖွင့်လှသွားပြီး ခြေစစ်ပွဲအောင်မြင်ရန် အခြေအနေကောင်းသွားသည်။ မြန်မာအမျိုးသမီးအသင်းသည် အဆုံးသတ်အားနည်းမှုများရှိသော်လည်းဂိုးပြတ်ရလဒ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်း ပွဲထွက်လူစာရင်းတွင် မျိုးမြင့်မြင့်မိမ်း (ဂိုး)၊ နှင်းပွင့်အေး၊ ဇွန်ယုယဦး၊ ဖြူဖွေး၊ ရှုပါခိုင်၊ ဖြူဖြူဝင်း၊ ခင်မိုမိုထွန်း၊ ဝင်းဝင်း၊ ရွှေရည်ထွန်း၊ စန်းသော်သော်၊ ဝင်းသီဂီထွန်းတို့ကိုအသုံးပြုခဲ့သည်၊ မြန်မာအသင်းသည်ပွဲစကတည်းက တိုက်စစ်အားပြုကစားခဲ့ပြီး ၁၁ မိနစ်တွင် ဝင်းဝင်းက အဖွင့်ဂိုးသွင်းယူခဲ့သည်၊ ၂၃ မိနစ်တွင် တာ့ခ်မင်နစ္စတန်အသင်း ပယ်နယ်တီကန်သွင်းရခဲ့ပြီး ဟိုင်ပိုဗာ ကန်သွင်းသော်လည်းမြန်မာဂိုးသမား မျိုးမြင့်မြင့်မိမ်းကာကွယ်နိုင်သဖြင့် မြန်မာအသင်း ချေပဂိုးမပေးလိုက်ရဘဲ ၂၈ မိနစ်တွင်ဝင်းဝင်းက ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်၊ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက ပွဲကိုထိန်းချုပ်သွားပြီး ၃၉ မိနစ်တွင် ဝင်းဝင်းက ဟက်ထရစ်ရစေမည့် တတိယဂိုးကို သွင်းယူခဲ့ကာ ပထမပိုင်းပြီးခါနီးတွင် ခင်မိုမိုထွန်းက စတုတ္ထဂိုးသွင်းယူသည်၊ ဒုတိယပိုင်းအစတွင် ဝင်းသီဂီထွန်းအစား မေထက်လူဝင်ကစားခဲ့ပြီး မြန်မာအသင်း အနိုင်ဂိုးများ ထပ်မံရရှိခဲ့သည်။ ၄၈ မိနစ်တွင် စန်းသော်သော်၊ ၅၂ မိနစ်တွင် မေထက်လူ၊ ၇၅ မိနစ်တွင် ခင်မိုမိုထွန်းနှင့် ၉၀+၃ မိနစ်တွင် ရွှေရည်ထွန်းတို့က မြန်မာအသင်းအတွက် အနိုင်ဂိုးများထပ်မံသွင်းယူခဲ့သည်။

အုပ်စု (ဂ) ဒုတိယနေ့ကို ဇူလိုင်လ ၂ ရက်တွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်း၊ ည ၇ နာရီတွင် ဘာရိန်းအသင်းနှင့် တာ့ခ်မင်နစ္စတန်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။




သတင်း-ကိုညီလေး

ဓာတ်ပုံ-စိုးညွန့်သော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Buryatia ပြည်နယ်၊ Ulan-Ude မြို့ရှိ Leo Bardamov ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဇွန် ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Buryatia ပြည်နယ်၊ Ulan-Ude မြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှသည် ကောင်စီတွဲဖက်အတွင်းရေးမှူး၏ဇနီး ဒေါ်နီလာနှင့် အဖွဲ့ဝင်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၏ဇနီးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် Leo Bardamov ပြတိုက်သို့သွားရောက်လေ့လာကြည့်ရှုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား Buryatia ပြည်နယ် ဒုတိယအကြီးအကဲ Ms. Evgenia Yurievna Ludupova နှင့် Leo Bardamov ပြတိုက်မှတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး အတွင်းလှည့်လည်ကြည့်ရှုရာ ပြတိုက်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှသည် Leo Bardamov ပြတိုက် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး နှင့် ပြတိုက်တာဝန်ရှိသူတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အဆိုပါ Leo Bardamov ပြတိုက်သည် အူလန်အူဒယ်မြို့တွင်တည်ရှိပြီး ရှေးခေတ်ဆိုဗီယက်လူမျိုးတို့၏ ယဉ်ကျေးမှုအနုပညာလက်ရာများ၊ သမိုင်းကြောင်းများနှင့် စာပေများကိုလေ့လာနိုင်သည့်အပြင် ဗုဒ္ဓဘာသာနှင့်ပတ်သက်သည့် သမိုင်းကြောင်းများ၊ ဆင်းတုတော်များနှင့် ၂၀ ရာစုနှစ် အနုပညာရှင်တို့၏လက်ရာများကိုလေ့လာခံစားနိုင်ကြောင်း၊ နေ့စဉ် ၁၁၀၀ နာရီမှ ၁၉၀၀ နာရီအထိဖွင့်လှစ်ပြီး ပြတိုက်အတွင်း၌ စာပေယဉ်ကျေးမှု၊ ပန်းချီများ၊ အသုံးအဆောင်များစသည့် အနုပညာလက်ရာအမျိုးအစားပေါင်း ၅၀၀၀ ကျော်ပြသထားရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ Leo Bardamov ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ Leo Bardamov ပြတိုက်ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့် Leo Bardamov ပြတိုက်တာဝန်ရှိသူတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

# မြန်မာ့ဂီတနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

မော်လမြိုင် ဇွန် ၂၉

မြန်မာ့ဂီတနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂီတအလွှာအသီးသီးမှ အနုပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) ဒုတိယဥက္ကဋ္ဌနှင့် ဂီတအစည်းအရုံး(မွန်ပြည်နယ်) ဥက္ကဋ္ဌတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ အနုပညာရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများ၏ သီဆိုကပြဖျော်ဖြေတင်ဆက်မှုများကိုကြည့်ရှုအားပေးကြပြီး မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) ဒုတိယဥက္ကဋ္ဌက မြန်မာနိုင်ငံ ဂီတအစည်းအရုံး(မွန်ပြည်နယ်)ဥက္ကဋ္ဌထံ အသင်းဝင်ကတ်ပြားများအား ပေးအပ်သည်။

ယင်းနောက် မြန်မာ့ဂီတနေ့အထိမ်းအမှတ် အမှတ်တရလက်ဆောင်နှင့် မြန်မာ့ဂီတနေ့ကျင်းပနိုင်ရေးအတွက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယမန်နေ့နံနက်ပိုင်းကလည်း ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ မော်လမြိုင်မြို့ မင်းရွာကျေးရွာ၌ တည်ဆောက်လျက်ရှိသော တိုင်းရင်းသားယဉ်ကျေးမှုစင်တာ ပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာ၊ သမိုင်းအမွေအနှစ်နှင့် Land mark တို့ပါထည့်သွင်းစေရေးနှင့် သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးစေရေးမှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ စည်သူ(ပြန်/ဆက်)

# မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည့် ထိန်းချုပ်ဓာတုပစ္စည်းများ ကုန်သွယ်မှု၊ အသုံးပြုမှုနှင့် ထိန်းသိမ်းဆောင်ရွက်မှုများ အပိုင်း(၅)

ဒေါက်တာလပြည့်ခင်

**အရေးပါသည့် ထိန်းချုပ်ဓာတုပစ္စည်းများ (ပရီကာဆာများ)ကို တရားဝင်နှင့်တရားမဝင် အသုံးပြုခြင်းများ**

**Caffeine** (ကေဖင်း) $C_8H_{10}N_4O_2$ သည် အဖြူရောင်ကဲ့သို့ ပုံဆောင်ခဲအမှုန့်ဖြစ်ပြီး လက်ဖက်၊ ကော်ဖီစေ့နှင့် ကိုလာစေ့များတွင်ပါရှိသည့် အဲလ်ကာလွိုက်တစ်မျိုးဖြစ်၍ ရေတွင်ပျော်ဝင်လွယ်သည်။ အစပြုသည့်ပရီကာဆာမဟုတ်သောဓာတုပစ္စည်းတစ်မျိုးဖြစ်သည်။ သွေးကြောများကျယ်၍လန်းဆန်းစေသော အာနိသင်အနည်းငယ်ရှိသည်။ စိတ်ရွှင်လန်းပြီး အားအင်ပြည့်ဖြိုးရန်အတွက် အချို့သောလစ်ပိုဗီတန်၊ ကွဲရိုင်း၊ လစ်ပိုနှင့် အချို့သောကော်ဖီမှုန့်များတွင်လည်း အသုံးပြုသည်။ Amphetamine၊ Methamphetamine နှင့် MDMA(Ecstacy)တို့ကို အခြားပရီကာဆာဓာတုပစ္စည်းဖြင့် ထုတ်လုပ်ရရှိပြီးနောက် အားမြှင့်ပေးသည့်ဓာတုပစ္စည်းဖြစ်သည်။ ဆေးဝါးများတွင် ရောစပ်သုံးစွဲကြသည်။ ကမ္ဘာအနှံ့ တွင်ကျယ်စွာသုံးစွဲနေသည့် မူးယစ်ဆေးဝါးဖြစ်သည့် Amphetamine (WY ဆေးပြား)တစ်ပြားတွင် Caffeine ပမာဏ 70 mg မှ 100 mg ထိပါပြီး Amphetamine ၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ ပါဝင်ကြောင်း သိရသည်။

**Red Phosphrous (Red-P)** (အနီရောင်ဖော့စဖရပ်စ်) P4 (chain)ကို အီလက်ထရွန်နစ်အလွှာများ၊ ပိုလီမာများအတွက် မီးမလောင်စေသောအလွှာများတွင်လည်း ဘေးကင်းရေး မီးခြစ်ဆံများ၊ မီးပုံးပျံများ၊ လောင်မီးခွံများ၊ မီးခိုးဗုံးများ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့်တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်ရာတွင်သုံးသည်။ အက်စစ်မှကလိုရိုက်သို့ပြောင်းလဲရာတွင် ကလိုရင်းသွင်းဓာတ်ပြုခြင်း၊ ဓာတ်တိုးခြင်း ပြုလုပ်ရာတွင် တရားဝင်အသုံးပြုပြီး Methamphetamine ထုတ်လုပ်ရာတွင် ဟိုက်ဒြိုလစ်အက်စစ်နှင့် ဓာတ်လျှော့ရာတွင် ဓာတ်ပြုပစ္စည်းအဖြစ် တရားမဝင်အသုံးပြုသည်။

**Methylamine** (မီသိုင်းလမင်း)သည် အမိုးနီးယားအနံ့ရှိသည့် အရောင်မဲ့ဓာတ်ငွေ့ဖြစ်ပြီး အလွန်မီးလောင်လွယ်ကာ အဆိပ်သင့်စေနိုင်သည်။ ယင်းသည် ရေ၊ အရက်နှင့်အီသာတွင် ပျော်ဝင်ပြီး ပိုးသတ်ဆေးများ၊ ပေါင်းသတ်ဆေးများ၊ မှိုသတ်ဆေးများကဲ့သို့ စိုက်ပျိုးရေးသုံးဓာတုပစ္စည်းများ၊ ဆေးဝါးထုတ်လုပ်ရေး၊ ရေသန့်စင်ရေး၊ အစားအသောက်ထိတွေ့ပစ္စည်းများ၊ ဖောက်ခွဲရေးပစ္စည်းများ၊ Surfactants နှင့် Accelerator အပါအဝင် အခြားစက်မှုကုန်ထုတ်လုပ်မှုလုပ်ငန်းအမျိုးမျိုးအတွက် အခြေခံအဖြစ်အသုံးပြုသည့် အလယ်အလတ်ဓာတုပစ္စည်းတစ်မျိုးဖြစ်သည်။ သားရေအရောင်ဆိုးခြင်း၊ ဆေးဆိုးခြင်းနှင့်ဆေးသုတ်ခြင်းလုပ်ငန်းများအပြင် လောင်စာဆီထုတ်လုပ်ခြင်းလုပ်ငန်းများတွင်လည်း အသုံးများသည်။

**Ammonium Chloride** (အမိုနီယမ်ကလိုရိုက်) $NH_4Cl$ သည် တိုင်းရင်း/ပရဆေးတွင် ဇဝက်သာဟုခေါ်သည့်အဖြူရောင်ပုံဆောင်ခဲဒြပ်ပေါင်းတစ်ခုဖြစ်သည်။ ဇဝက်သာသည် ရေထဲ၌ ကောင်းစွာပျော်ဝင်နိုင်ပြီး ရေတွင်စူးရှသောအနံ့ကိုဖြစ်စေနိုင်သည့်အပြင် ရေတွင် အက်စစ်ဓာတ်အနည်းငယ်ရနိုင်သည်။ ဇဝက်သာကို ဆေးဝါး(အထူးသဖြင့် ချောင်းဆိုးပျောက်ဆေး)တွင် ဆီးချဆေးအဖြစ်လည်းကောင်း၊ အထပ်သားကိုချည်နှောင်ရာ၌ အထောက်အကူဖြစ်စေသောကော်တွင်လည်းကောင်း၊ Aqueous Solutions များ၊ Lechanche Cell များတွင်လည်းကောင်း၊ မုန့်လုပ်ရာတွင် တဆေး(Yeast)ကို အာဟာရပစ္စည်းအဖြစ် အစာဖြည့်စွက်ပစ္စည်းများ (Food Additives)တွင်လည်းကောင်း အသုံးပြုသည်။

**Sodium Acetate** (ဆိုဒီယမ်အစီတိတ်) $C_2H_3NaO_2$ သည် ရေတွင်အလွန်ပျော်ဝင်သော Hygroscopic အမှုန့်ဖြစ်သည်။ ဆိုဒီယမ်အစီတိတ်ကို ဆိုဒီယမ်အိုင်းယွန်း၏ရင်းမြစ်တစ်ခုအဖြစ် Dialysis အတွက်လည်းကောင်း၊ အထည်အလိပ်လုပ်ငန်းတွင် Aniline ဆိုးဆေးအဖြစ်လည်းကောင်း၊ Chrome Tanning တွင် Pickling Agent အဖြစ်လည်းကောင်း၊ ကွန်ကရစ်အလွှာ(Concrete Sealant) တစ်ခုအဖြစ်လည်းကောင်း၊ အစားအစာများတွင် ဟင်းခတ်အမွှေးအကြိုင်အဖြစ်လည်းကောင်း၊ pH တန်ဖိုးဆက်တိုက်ထိန်းသိမ်းရန် ၎င်းကို Acetic Acid နှင့်အတူ ကြားခံ(Buffer)အဖြစ်လည်းကောင်း၊ အပူပေးအဖုံးများ၊ ရေခဲဘူးများနှင့်လက်ပူစက်များတွင်လည်းကောင်း၊ တည်ငြိမ်လျှပ်စစ်ဓာတ်ကိုဖယ်ရှားရာတွင်လည်းကောင်း အသုံးပြုသည်။ ဆေးပညာအရ ဆိုဒီယမ်အစီတိတ်သည် သွေးကြောသွင်းသည့်အခါတွင် Electrolyte အားဖြည့်ဆေးအဖြစ် အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

**Lead Acetate** (လိဒ်အစီတိတ်) $Pb(C_2H_3O_2)_2$ သည် အချိုအရသာရှိသည့်အဖြူရောင်ပုံဆောင်ခဲဒြပ်ပေါင်းဖြစ်သည်။ Lead Acetate ကို ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်(Hydrogen Peroxide)နှင့် အက်စီတစ်အက်စစ်(Acetic Acid)တွင် ပွက်ပွက်ဆူအောင်တည်ခြင်းဖြင့်ပြုလုပ်နိုင်သည်။ ယင်းသည်အခြားခဲဓာတ်များကဲ့သို့ပင် ခဲဆိပ်သင့်နိုင်သည်။ ဓာတ်ခွဲခန်းသုံးဓာတုပစ္စည်းအဖြစ်လည်းကောင်း၊ အလှကုန်ပစ္စည်းများတွင်လည်းကောင်း၊ ရွှေတူးဖော်ရာတွင်လည်းကောင်း၊ အထည်အလိပ်ပန်းရိုက်ခြင်းနှင့်ဆေးဆိုးခြင်းတို့တွင် ညီညာမျှတစေရန်လည်းကောင်း၊ အရောင်တင်ဆီနှင့်သုတ်ဆေးများတွင် အခြောက်ခံပစ္စည်းအဖြစ်လည်းကောင်း အသုံးပြုသည်။

**Tartaric Acid** (တာတာရစ်အက်စစ်)သည် $C_4H_6O_6$ ရှိသော ကာဘောဇလစ်အက်စစ်ဖြစ်ပြီး အရောင်ကင်း၍ အလင်းပေါက်သည့်ပုံဆောင်ခဲအဖြူ Diprotic Aldaric Acid ဖြစ်သည်။ ၎င်းကို 2,3-dihydroxysuccinic Acid သို့မဟုတ် Racemic Acid ဟုလည်းခေါ်သည်။ ဝိုင်တွင် အရေးကြီးသော အက်စစ်ထဲမှတစ်ခုဖြစ်သည်။ Tartaric Acid သည် ငှက်ပျောသီး၊ စပျစ်သီးကဲ့သို့သော ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံအများအပြားတွင်တွေ့ရသော အော်ဂဲနစ်အက်စစ်ဖြစ်ပြီး ငှက်ပျောသီး၊ ဆစ်ထရပ်စ်(Citrus)နှင့် မန်ကျည်းသီးများတွင်လည်း တွေ့ရသည်။ Cosmetics၊ Food Additives ၊ Antioxidant၊ Fragrances အဖြစ်လည်းကောင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လုပ်ရန်လည်းကောင်း၊ ဆေးဝါးနယ်ပယ်တွင်လည်းကောင်း၊ ခံတွင်းဆေးများ၏အရသာကိုမြှင့်တင်ရန်လည်းကောင်း၊ မဂ္ဂနီစီယမ်နှင့် ကယ်လစီယမ်ကဲ့သို့သော သတ္တုအိုင်းယွန်းများကို Chelate ပြုလုပ်ရန်လည်းကောင်း၊ အချဉ်အရသာရှိစေရန် အစားအစာများတွင်လည်းကောင်း၊ အော့အန်စေရန်လည်းကောင်း၊ ငွေရောင်မှန်ပြုလုပ်ရာတွင်လည်းကောင်း၊ အထည်အလိပ်များကိုဆေးဆိုးရာတွင် ညီညာစေရန်လည်းကောင်း၊ သားရေကို ဆေးလိမ်းခြယ်ရာတွင်လည်းကောင်း၊ သကြားလုံးများတွင်လည်းကောင်း၊ Tartaric Acid ကို ဆိုဒီယမ်ဘိုင်ကာဗွန်နိတ်(Sodium Bicarbonate)နှင့် ရောစပ်ပါက မုန့်ဖုတ်အမှုန့်ရရှိပြီး မုန့်ဖုတ်ဆိုဒါနှင့် တဆေး (Yeast) အဖြစ်လည်းကောင်း၊ ၎င်း၏ခရင်မ်ပုံစံတွင် အစားအစာကိုတည်ငြိမ်စေသော Stabilizer အဖြစ်လည်းကောင်းအသုံးပြုနိုင်သည်။ Tartaric Acid ကို အများအပြားသုံးစွဲပါက လေဖြတ်ခြင်း သို့မဟုတ် သေဆုံးခြင်းအထိ ဖြစ်စေနိုင်သည်။

**Sodium Cyanide** (ဆိုဒီယမ်ဆိုင်ယာနိုက်) NaCN သည် အဆိပ်ရှိသော ဒြပ်ပေါင်းတစ်ခုဖြစ်သည်။ အဖြူရောင်အခဲဖြစ်ပြီး ခါးသက်သောဗာဒံသီးအနံ့ရှိသည့်ရေတွင်ပျော်ဝင်နိုင်သော Sodium Cyanide ကို အခိုးတိုက်/ပိုးသတ်မှိုင်းတိုက်ခြင်း၊ သတ္တုရည်စိမ်ခြင်း၊ သတ္တုရိုင်းများမှ ရွှေငွေထုတ်ယူခြင်းအဆင့်နိမ့်သတ္တုရိုင်းကျောက်တွင်းများမှ အဖိုးတန်သတ္တုများထုတ်ယူရာတွင် Sodium Cyanide ကို အမြောက်အမြားအသုံးပြုသည်။ Cyanide သည် သတ္တုများနှင့် ဆက်စပ်မှုမြင့်မားသောကြောင့် ဆား၏အဆိပ်သင့်မှုမြင့်မားစေသည်။ ဓာတုပစ္စည်းများထုတ်လုပ်ရာတွင် စီးပွားဖြစ်အသုံးပြုသည်။ အလွန်အဆိပ်သင့်သောကြောင့် Sodium Cyanide ကို ဇီဝဗေဒပညာရှင်များအသုံးပြုသော အိုးများစုဆောင်းခြင်းနှင့် တရားမဝင်ငါးဖမ်းခြင်းကဲ့သို့ လျင်မြန်စွာဖမ်းဆီးရန်/သတ်ရန် သို့မဟုတ် ထိတ်လန့်စေရန်အတွက် အသုံးပြုသည်။

➤ **Ammonium Chloride (အမိုနီယမ်ကလိုရိုက်)** $NH_4Cl$ **သည် တိုင်းရင်း/ပရဆေးတွင် ဇဝက်သာဟုခေါ်သည့်အဖြူရောင်ပုံဆောင်ခဲဒြပ်ပေါင်းတစ်ခုဖြစ်သည်။ ဇဝက်သာသည် ရေထဲ၌ ကောင်းစွာပျော်ဝင်နိုင်ပြီး ရေတွင်စူးရှသောအနံ့ကိုဖြစ်စေနိုင်သည့်အပြင် ရေတွင် အက်စစ်ဓာတ်အနည်းငယ်ရနိုင်သည်။ ဇဝက်သာကို ဆေးဝါး(အထူးသဖြင့် ချောင်းဆိုးပျောက်ဆေး)တွင် ဆီးချဆေးအဖြစ်လည်းကောင်း၊ အထပ်သားကို ချည်နှောင်ရာ၌ အထောက်အကူဖြစ်စေသောကော်တွင်လည်းကောင်း၊** Aqueous Solutions **များ၊** Lechanche Cell **များတွင်လည်းကောင်း၊ မုန့်လုပ်ရာတွင် တဆေး**(Yeast)**ကို အာဟာရပစ္စည်းအဖြစ် အစာဖြည့်စွက်ပစ္စည်းများ** (Food Additives)**တွင်လည်းကောင်း အသုံးပြုသည်။**

**ဆက်လက်ဖော်ပြပါမည်။**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၆-၂၀၂၅ (တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် |
| ၂။ | ၀၇:၁၆ | မေတ္တာပို့ |
| ၃။ | ၀၇:၂၀ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၄။ | ၀၈:၀၀ | မောင်မယ်လေးများ သီစေချင် |
| ၅။ | ၀၉:၀၀ | မြဝတီနေ့စဉ်သတင်း |
| ၆။ | ၁၀:၀၀ | မွေးမြူသုတ |
| ၇။ | ၁၁:၀၀ | ကမ္ဘာ့ရေးရာမှတ်သားစရာ |
| ၈။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု |
| ၉။ | ၁၃:၀၀ | တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၁၀။ | ၁၄:၀၀ | မှတ်သားလိုက်နာပုံမှာ |
| ၁၁။ | ၁၅:၀၀ | အဟောင်းထဲမှအကောင်းဆုံး တေးသီချင်းများ |
| ၁၂။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၁၃။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၁၄။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း ကမ္ဘာတည်သရွေ့ တည်ရှိနေမည်ငါတို့ရဲ့အမွေ အပိုင်း(၁) သရုပ်ဆောင်- ဟိန်းကိုကိုကျော်၊ သဉ္ဇာမြင့်မိုရ် ဒါရိုက်တာ-ကျော်နှင်းဆီ** |
| ၁၅။ | | တရားတော် |

# မိမိကစကာကွယ်ပါ လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ

မိုးရာသီကာလရောက်လျှင် အအေးမိ၊ နှာစေး၊ ချောင်းဆိုးရောဂါနှင့် ရာသီတုပ်ကွေးရောဂါတို့ဖြစ်လေ့ရှိသည်။ ယခုကာလတွင် ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ဒေသတွင်းပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့်ရောဂါအဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါသည်လည်း စိုစွတ်သောမိုးရာသီတွင် ကူးစက်နှုန်းမြင့်မားသည့်အတွက် ယခုနှစ်မိုးရာသီတွင် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများဖြစ်သည့် အအေးမိ၊ နှာစေး၊ ချောင်းဆိုးရောဂါ၊ ရာသီတုပ်ကွေးရောဂါ၊ ကိုဗစ်-၁၉ ရောဂါတို့ကို သတိပြုကာကွယ်ကြရမည်ဖြစ်သည်။

**အအေးမိ၊ နှာစေး၊ ချောင်းဆိုးရောဂါ**

အအေးမိ၊ နှာစေး၊ ချောင်းဆိုးခြင်းသည် မိုးရာသီရောက်တိုင်း တွေ့ကြုံရသည့်ကူးစက်ရာသီ ရောဂါတစ်မျိုးဖြစ်၍ အအေးမိ၊ နှာစေး၊ ချောင်းဆိုးရောဂါအစ မိုးမိခြင်းကဟု မှတ်သားသင့်သည်။ ထို့ကြောင့် မိုးမိလာပါက ရေစိုအဝတ်များချက်ချင်းလဲ၍ နွေးနွေးထွေးထွေးနေသင့်သည်။ လူဦးရေထူထပ်သောနေရာများတွင် ရောဂါကူးစက်ပြန့်ပွားနိုင်ခြေပိုများသဖြင့် ကိုယ်ခံအားနည်းသူများ ဂရုစိုက်သွားလာသင့်သည်။ အအေးမိဖျားနာခြင်းကြောင့် အသက်အန္တရာယ်မစိုးရိမ်ရသော်လည်း အဖျားပျောက်ပြီးနောက် ချောင်းအစို(ချွဲပါသောချောင်းဆိုးခြင်း) တဟွတ်ဟွတ်စွဲကျန်ရစ်ခဲ့သည်။ တခြားသူများကို ဆက်လက်မကူးအောင် လက်ကို စင်ကြယ်စွာဆေးကြောပါ။ နှာချေ၊ ချောင်းဆိုးသည့်အခါ တစ်ခါသုံးတစ်သျှူးသုံး၍ စနစ်တကျစွန့်ပစ်ပါ။ အထူးသဖြင့် ကိုယ်ခံအားနည်းသောကလေးငယ်များနှင့် သက်ကြီးရွယ်အိုများမှာ ဗိုင်းရပ်စ်ပိုးကူးစက်လွယ်၍ အချိန်မရွေးဖျားနာတတ်သဖြင့် အအေးမိတုပ်ကွေး ဖျားနာရောဂါပျောက်ဆေးများ အိမ်၌ အသင့်ဆောင်ထားခြင်း၊ ကိုယ်ခံအားကောင်းစေရန် ဗီတာမင် C ဆေးပြားများသောက်ခြင်း၊ ရေများများသောက်ခြင်း၊ သန့်ရှင်းလတ်ဆတ်သောဟင်းသီးဟင်းရွက်နှင့် အရည်ရွှမ်းသော သစ်သီးများစားသင့်သည်။

**ရာသီတုပ်ကွေးရောဂါ**

ကမ္ဘာပေါ်၌ ကူးစက်ပျံ့နှံ့မှုအမြန်ဆုံးနှင့် အဖြစ်များဆုံးသောရောဂါများထဲတွင် ရာသီတုပ်ကွေးရောဂါလည်း အပါအဝင်ဖြစ်သည်။ ရာသီတုပ်ကွေးရောဂါသည် တုပ်ကွေးရောဂါဗိုင်းရပ်စ် (Influenza) ကြောင့်ဖြစ်ပွားပြီး အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်နိုင်သည်။ ယင်းဗိုင်းရပ်စ်သည် မိုးဦးကျနှင့် ဆောင်းရာသီကဲ့သို့ အေးသောရာသီဥတုတွင် ပေါက်ပွားနှုန်းများသည်။ ထို့ကြောင့် ပြင်ပနှင့်ထိတွေ့ဆက်ဆံမှုများလျှင် ကူးစက်ရန် လွယ်ကူသည်။ တုပ်ကွေးရောဂါကိုဖြစ်စေသော ဗိုင်းရပ်စ်များအား အေ၊ ဘီ၊ စီဟူ၍ အုပ်စုသုံးစုခွဲခြားထားပြီး ယင်းတို့အနက် အေအုပ်စုတွင်ပါဝင်သော ဗိုင်းရပ်စ်များက အများဆုံးဒုက္ခပေးသည်။ အချိန်ပိုင်း၊ ရက်ပိုင်းအတွင်း လူအစုလိုက်အပြုံလိုက် လျှင်မြန်စွာကူးစက်စေသည်။ မြန်မာနိုင်ငံ၌ ဗိုင်းရပ်စ်အေကြောင့်ဖြစ်သော တုပ်ကွေးရောဂါသည် အများဆုံးဖြစ်သည်။

ရာသီတုပ်ကွေးရောဂါသည် အထက်တွင်ဖော်ပြထားသော သာမန်အအေးမိ၊ နှာစေး၊ ချောင်းဆိုးရောဂါထက် ပိုမိုပြင်းထန်၍ အဖျားကြီးကာ အဖျားလည်း တာရှည်သည်။ ခေါင်းအုံ၊ ခေါင်းကိုက်၊ ကိုယ်ပူ၊ မျက်စိပူ၊ လည်ချောင်းနာ၊ နှာရွှန်း၊ ချောင်းဆိုး၊ အဆစ်အမျက်များနာကျင်ကိုက်ခဲစေခြင်း၊ အားအင်ကုန်ခန်းမောပန်းခြင်းနှင့်အစားအသောက်ပျက်ခြင်းတို့သည် ရာသီတုပ်ကွေးရောဂါ၏ လက္ခဏာများဖြစ်ကြသည်။

နောက်ဆက်တွဲရောဂါများအဖြစ် အသက်ရှူပြွန်ရောင်ခြင်း၊ နမိုးနီးယား (ခေါ်) အဆုတ်ရောဂါဖြစ်ခြင်း၊ အာသီးများရောင်ခြင်း၊ အာသီးရောင်ခြင်းမှအစပြု၍ နှလုံးရောဂါဖြစ်ခြင်း၊ ဦးနှောက်ရောင်ရောဂါဖြစ်ခြင်းနှင့် နှလုံးကြွက်သားများလှုပ်ရှားမှုအားနည်းခြင်းတို့ဖြစ်သည်။ ထိုရောဂါသည် အသက်ခြောက်လနှင့်အထက် ကလေးသူငယ်မှစ၍ဖြစ်နိုင်သည်။ ထိုအရွယ်ရင်သွေးငယ်များအတွက် မိုးဦးကျမတိုင်မီကတည်းက တစ်နှစ်တစ်ကြိမ် Influenza ကာကွယ်ဆေး ကြိုတင်ထိုးနှံပေးသင့်သည်။

ကူးစက်လွယ်ရောဂါတစ်မျိုးဖြစ်၍ လူနာကိုထိတွေ့ကိုင်တွယ်ခြင်း၊ တံတွေးနှင့်သလိပ်ကို ထိတွေ့မိခြင်း၊ လူနာဆီမှ နှာချေ၊ ချောင်းဆိုး၊ စကားပြောစဉ် ဗိုင်းရပ်စ်ပါလာသောလေများကို ရှူရှိုက်မိရာမှတစ်ဆင့် အလွယ်တကူ ကူးစက်နိုင်သည်။ အအေးမိတုပ်ကွေးဖြစ်နေသူတစ်ယောက်သည် တစ်သျှူးအုပ်၍ နှာချေ၊ ချောင်းဆိုးသင့်ပြီး ထိုတစ်သျှူးကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်သင့်သည်။ လက်ကိုင်ပဝါဖြင့်အုပ်၍ နှာချေ၊ ချောင်းဆိုးသောအခါ ဗိုင်းရပ်စ်ပိုးက ထိုလက်ကိုင်ပဝါထဲတွင် နှစ်နာရီ၊ သုံးနာရီကြာသည်အထိ အသက်ရှင်နိုင်သည်။ အကယ်၍ လူအများကြား နှာချေ၊ ချောင်းဆိုးပါက တုပ်ကွေးဗိုင်းရပ်စ်များ တစ်ပေ၊ နှစ်ပေခန့်အထိ ပျံ့နှံ့သွားပြီး ထိုအချိန်၌ ပတ်ဝန်းကျင်မှ ကိုယ်ခံအားနည်းသူထံ ယင်းဗိုင်းရပ်စ်များ အလွယ်တကူ ကူးစက်နိုင်သည်။

**ကိုဗစ်-၁၉ ရောဂါ**

အရှေ့တောင်အာရှနှင့် အရှေ့အာရှနိုင်ငံများတွင် ၂၀၂၅ ခုနှစ် မေလအစောပိုင်းမှစ၍ ဗီဇပြောင်းအိုမီခရွန် ကိုဗစ်မျိုးကွဲအသစ်ဖြစ်သည့် JN.1 နှင့် XEC တို့ကူးစက်ပျံ့နှံ့မှု ပြန်လည်မြင့်တက်လာသည်။ လက်ရှိကူးစက်နေသည့် ကိုဗစ်-၁၉ ရောဂါမျိုးကွဲများမှာ ယခင်နှစ်များက ကူးစက်ပျံ့နှံ့ခဲ့သည့် အိုမီခရွန် (Omicron) အုပ်စုမှ ဗီဇပြောင်းလာခြင်းဖြစ်ပြီး JN.1 အုပ်စုနှင့် ယင်းမှတစ်ဆင့် ပေါ်ပေါက်လာသည့် XEC မျိုးကွဲတို့ဖြစ်သည်။ မြန်မာနိုင်ငံ၌လည်း ဇွန်လ ၁ ရက်မှ ၈ ရက် ပထမရက်သတ္တပတ်အတွင်း ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၁ ဦး တွေ့ရှိခဲ့ပြီး ဇွန်လ ၈ ရက်မှ ၁၅ ရက် ဒုတိယရက်သတ္တပတ်အတွင်း ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၂ ဦးတွေ့ရှိခဲ့သည့်အတွက် ရောဂါဖြစ်ပွားမှုရာခိုင်နှုန်းတိုးလာသည်။

ကံကောင်းသည်ဟုဆိုရမည့်အချက်မှာ ထိုမျိုးကွဲ၏ရောဂါကူးစက်ပုံသည် အသက်ရှူလမ်းကြောင်းအထက်ပိုင်းဖြစ်သည့် နှာခေါင်း၊ လည်ချောင်း၊ ပါးစပ်နှင့် အာခေါင်တို့ကို အဓိကတိုက်ခိုက်ခြင်းဖြစ်သောကြောင့် ရောဂါပြင်းထန်မှုကိုလျော့နည်းစေရာ ရောဂါကြောင့်သေဆုံးမှုကိုလည်း နည်းပါးစေသည်။ ယခင်ကူးစက်ပျံ့နှံ့ခဲ့သည့် ဒယ်တာမျိုးကွဲ၏ရောဂါကူးစက်ပုံမှာ အသက်ရှူလမ်းကြောင်းအောက်ပိုင်းဖြစ်သည့် အဆုတ်ကိုတိုက်ခိုက်ခြင်းဖြစ်သောကြောင့် အဆုတ်ရောင်ရောဂါဖြစ်ပွားရသည့်အတွက် ရောဂါပြင်းထန်ပြီး သေဆုံးမှု များပြားရခြင်းဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ ထိုမျိုးကွဲအသစ်များသည် ရောဂါပြင်းထန်မှုကိုလျော့နည်းစေသော်လည်း ကူးစက်မှုနှုန်းမြန်ဆန်စေခြင်း၊ ယခုနှစ် မြန်မာနိုင်ငံ၏ရာသီဥတုသည် ယခင်နှစ်ကထက် မုတ်သုံစောဝင်ခြင်းနှင့်အတူ လက်ရှိရာသီဥတုအခြေအနေမှာလည်း ယခင်နှစ်ကထက် မိုးရေချိန်လက်မ နှစ်ဆပိုနေခြင်း၊ မိုးဦး၊ မိုးလယ်၊ မိုးနှောင်းကာလပတ်လုံး မိုးကြီးမည်ဖြစ်ရာ ကျောင်းဖွင့်ရာသီချိန်နှင့် တိုက်ဆိုင်နေခြင်းစသည်တို့ကြောင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမြင့်တက်လာနိုင်သည့်အတွက် အထူးသတိထားရမည်ဖြစ်သည်။

**"ကမ္ဘာပေါ်၌ ကူးစက်ပျံ့နှံ့မှုအမြန်ဆုံးနှင့် အဖြစ်များဆုံးသောရောဂါများထဲတွင် ရာသီတုပ်ကွေးရောဂါလည်း အပါအဝင်ဖြစ်သည်။ ရာသီတုပ်ကွေးရောဂါသည် တုပ်ကွေးရောဂါဗိုင်းရပ်စ် (Influenza) ကြောင့်ဖြစ်ပွားပြီး အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်နိုင်သည်။ ယင်းဗိုင်းရပ်စ်သည် မိုးဦးကျနှင့် ဆောင်းရာသီကဲ့သို့ အေးသောရာသီဥတုတွင် ပေါက်ပွားနှုန်းများသည်။ ထို့ကြောင့် ပြင်ပနှင့် ထိတွေ့ဆက်ဆံမှုများလျှင် ကူးစက်ရန်လွယ်ကူသည် . . ."**

ကိုဗစ်-၁၉ ရောဂါ၏ ပင်မရောဂါလက္ခဏာများမှာ ဖျားခြင်း၊ နုံးခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ နှာရည်ယိုခြင်း၊ နှာစေးခြင်း၊ ချောင်းဆိုးခြင်းနှင့် လည်ချောင်းနာခြင်းတို့ ဖြစ်ကြသော်လည်း နောက်ပိုင်းတွင် တချို့လူနာများ၌ ဝမ်းပျက်ဝမ်းလျှောလက္ခဏာများကိုပါ တွေ့ရပြီး အမေရိကန်သုတေသနပညာရှင်များသည် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ဆိုင်ရာ လေ့လာချက်ပေါင်း ၂၉ ခုကို ပြန်လည်စိစစ်ပြီးနောက် ယင်းဗိုင်းရပ်စ်သည် မစင်အညစ်အကြေးများမှလည်း ကူးစက်နိုင်ကြောင်း ဖော်ထုတ်တွေ့ရှိထားသည်။

**ကာကွယ်ရန် နည်းလမ်းကောင်းများ**

လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများအတွက် မိမိကစ၍ကာကွယ်ရန် နည်းလမ်းကောင်းများကို အောက်ပါအတိုင်း အကြံပြုလိုပါသည်။

- လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါလက္ခဏာများဖြစ်ကြသော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း စသည့်လက္ခဏာရှိသူများအနေဖြင့် မိမိမှ တခြားသူများသို့ ကူးစက်မှုမရှိစေရေး ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ကာ စနစ်တကျ Mask တပ်ဆင်ပါ။ အသုံးပြုပြီးသော Mask ကို အဖုံးပါသော အမှိုက်ပုံးထဲတွင်သာစွန့်ပစ်ပါ။ ပြီးနောက် စနစ်တကျလက်ဆေးပါ။
- လူထူထပ်သောနေရာများသို့သွားခြင်းကို ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ပါ။
- ပါးစပ်နှင့် နှာခေါင်းစည်းတပ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါသို့မဟုတ် တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်းပြုလုပ်ပါ။
- ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူပါ။
- တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည် (Hand Sanitizer) ဖြင့် မကြာခဏဆေးကြောပါ။
- ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများဖြစ်ပွားခြင်း၊ ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးနိုင်သည့်အတွက် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူပါ။
- ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက် ၆၀ နှင့်အထက် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်ကာလ သုံးလနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုကို မဖြစ်မနေခံယူသင့်သည်။

ကိုဗစ်-၁၉ ရောဂါ မျိုးကွဲသစ်များသည် လူ့ခန္ဓာကိုယ်၏ကိုယ်ခံအားစနစ်ကိုရှောင်ရှားပြီး ကူးစက်မြန်ဆန်စေသည်။ အဆိုပါမျိုးကွဲများသည် ယခင်ကာကွယ်ဆေးများ၏ထိရောက်မှုကို အားနည်းစေနိုင်သည်။ ထို့ကြောင့် ယခင်က ကာကွယ်ဆေးထိုးနှံပြီးသူများအနေဖြင့် ကိုယ်ခံအားနည်းလာကာ ပြန်လည်ကူးစက်ခံရနိုင်မှုနှုန်း မြင့်မားလာနိုင်သဖြင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံရန် လိုအပ်သည်။

အချုပ်အားဖြင့်ဆိုသော် ယခုတွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါပိုးမျိုးကွဲအသစ်သည် အသက်ရှူလမ်းကြောင်း အထက်ပိုင်းဖြစ်သည့် နှာခေါင်း၊ လည်ချောင်း၊ ပါးစပ်နှင့် အာခေါင်တို့ကို အဓိကတိုက်ခိုက်ခြင်းဖြစ်သောကြောင့် မိမိကိုယ်ကို ကိုဗစ်-၁၉ ရောဂါသံသယရှိသူများနှင့် မဖြစ်မနေ လူစုလူဝေးရှိရာနေရာသို့ သွားရပြီးနောက် အိမ်ပြန်ရောက်ပါက ဆားငန်ရည်ငုံခြင်း သို့မဟုတ် ဆားငန်ရည်ဖြင့် အာလုတ်ကျင်းခြင်းတို့ကို ပြုလုပ်သင့်သည်။

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အထက်ဖော်ပြပါအချက်အလက်များကို မိမိကစ၍ သတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပြီး တခြားသူများကိုလည်း လိုက်နာရန်တိုက်တွန်းပြောကြားရန်လိုကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

**ပေါက်ပေါက်**

# ဘယ်လာရုစ်နိုင်ငံ၊ မင့်စ်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် ( EEF 2025 ) တက်ရောက်ခဲ့ပြီး နေပြည်တော်တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိစဉ် သတင်းမီဒီယာများ၏ မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ဖြေကြားချက်

**မေး။** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်တဲ့မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ ဘယ်လာရုစ်နိုင်ငံမှာ ကျင်းပတဲ့ ဥရောပ-အာရှ (EEF) စီးပွားရေးဖိုရမ်ကို တက်ရောက်ခဲ့တယ်။ ဒီတက်ရောက်ခဲ့တဲ့ ဖိုရမ်ကနေပြီးတော့ ဘယ်လိုအောင်မြင်မှုတွေ၊ ဘယ်လိုအကျိုးရလဒ်တွေ ရရှိခဲ့ပါသလဲခင်ဗျ။




**ဖြေ။** ပထမဦးဆုံးတော့ EAEU နဲ့ပတ်သက်ပြီးတော့ ကျွန်တော်နည်းနည်းလေး ပြောပြချင်ပါတယ်။ EAEU ဆိုတာ ဥရောပ-အာရှစီးပွားရေးသမဂ္ဂဆိုတာ ၂၀၁၅ ခုနှစ်မှာ စတင်ထူထောင်ခဲ့တာဖြစ်တယ်။ စတင်ထူထောင်ခဲ့တဲ့ ရည်ရွယ်ချက်ကတော့ နံပါတ်တစ်ကတော့ ပါဝင်တဲ့ အဖွဲ့ဝင်နိုင်ငံအချင်းချင်း၊ မိတ်ဆွေနိုင်ငံတွေ၊ အဖွဲ့ဝင်နိုင်ငံတွေ အချင်းချင်းမှာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဖို့၊ နောက်တစ်ခုကတော့ လူနေမှုအဆင့်အတန်း မြင့်မားလာစေဖို့ဆိုတဲ့ရည်ရွယ်ချက် နှစ်ခုနဲ့စတင်ပြီးတော့ ထူထောင်ခဲ့တာဖြစ်တယ်။ မြန်မာနိုင်ငံကတော့ ၂၀၂၂ ခုနှစ်ကနေစပြီးတော့ EAEU နဲ့ ဆက်သွယ်ခဲ့တယ်။ ၂၀၂၂ ခုနှစ်မှာ EAEU ရဲ့ EEC အဖွဲ့ပေါ့ EEC ဆိုတာ ဥရောပ-အာရှ စီးပွားရေးအဖွဲ့ပေါ့။ အဲ့ဒီအဖွဲ့က ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံကိုရောက်ရှိခဲ့တယ်။ ရောက်ရှိခဲ့ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ တွေ့ပြီးတော့ကဏ္ဍပေါင်းစုံမှာ မြှင့်တင်နိုင်ရေး၊ ကဏ္ဍပေါင်းစုံဆက်ဆံမှု မြှင့်တင်နိုင်ရေးကို ဆောင်ရွက်ခဲ့တယ်။ ၂၀၂၃ ခုနှစ်မှာ ပိုပြီးတော့ အရှိန်အဟုန်ကောင်းစွာ ဆောင်ရွက်နိုင်ခဲ့တယ်။ ၂၀၂၃ ခုနှစ်မှာဆိုရင် EAEU အဖွဲ့နဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ရေးအတွက်ကို ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်ရေးအတွက် MoU နားလည်မှု စာချွန်လွှာချုပ်ဆိုနိုင်ခဲ့တယ်။ ၂၀၂၃ ခုနှစ် စက်တင်ဘာလမှာပဲ စိန့်ပီတာစဘတ်မှာ ကျင်းပခဲ့တဲ့ (၂၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစီးပွားရေးဖိုရမ်မှာ ဒီစာချုပ်ကို ကျွန်တော်တို့ ချုပ်ဆိုနိုင်ခဲ့တာပါ။ ချုပ်ဆိုနိုင်ခဲ့ပြီးတော့ ၂၀၂၄ ခုနှစ်မှာ EAEU က ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံကိုလာခဲ့တယ်။ လာတဲ့အချိန်မှာ ဒီ MoUကို ဆက်လက်ပြီးတော့ အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် MoU ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းခဲ့တယ်။ ပထမအကြိမ် အစည်းအဝေးကို နေပြည်တော်မှာ ကျင်းပခဲ့တယ်။ နောက်တစ်ကြိမ် အစည်းအဝေးကိုတော့ ရုရှားမှာ ကျွန်တော်တို့ ကျင်းပခဲ့တယ်။ EAEU ရဲ့ ခုနက ပြောတဲ့မူလရည်ရွယ်ချက်ကို ပြောပြခဲ့ပြီးဖြစ်တယ်။ EAEU အနေနဲ့က သူ့ရဲ့ အခြေခံပဋိညာဉ်မှာ ဘာပါလဲဆိုတော့ နိုင်ငံအချင်းချင်း အချုပ်အခြာအာဏာတည်တံ့မှုနယ်မြေခိုင်မြဲမှုကို အလေးထားဖို့ နံပါတ်နှစ်အချက်ကတော့ နိုင်ငံတွေရဲ့ အမျိုးသားအကျိုးစီးပွားကို အလေးထားဖို့ ဆိုတာပါပါတယ်။ ဒါဟာ နိုင်ငံတိုင်းအတွက် လိုအပ်တဲ့ကိစ္စတွေဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ ကမ္ဘာမှာ ဖြစ်ပျက်နေတဲ့ အခြေအနေအရ စီးပွားရေးအရပဲဖြစ်ဖြစ်၊ နိုင်ငံရေးအရပဲဖြစ်ဖြစ်၊ ကျန်တဲ့အရေးအရာတွေပဲဖြစ်ဖြစ် သူတို့လိုရင် လိုသလို ပုံဖော်နေတယ်။ မလိုရင်မလိုသလို ပုံဖော်နေတဲ့ ဟာတွေ ပိတ်ဆို့နေတဲ့ ဟာတွေရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့က EAEU နဲ့ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပူးပေါင်းဆောင်ရွက်မှု အင်အားကိုရရှိလာမှာဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အနေနဲ့ EAEU ရဲ့နှစ်စဉ်ကျင်းပနေကျဖြစ်တဲ့ ဥရောပ-အာရှစီးပွားရေးဖိုရမ်(EEF)က အခုဆိုရင် (၄)ကြိမ်မြောက်ဖြစ်ပါတယ်။ စတုတ္ထအကြိမ်မြောက်မှာလည်း တက်ရောက်ပြီး မိန့်ခွန်းပြောကြားခဲ့ပါတယ်။ မိန့်ခွန်းပြောကြားခဲ့တဲ့နေရာမှာလည်း ကျွန်တော်ပြောကြားခဲ့တဲ့ အချက်အလက်တွေအပြင် ကျယ်ကျယ်ပြန့်ပြန့်ပြောကြားခဲ့တာကို အားလုံးတွေ့နိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ EAEU ရဲ့အဖွဲ့ဝင်နိုင်ငံဖြစ်ဖို့အတွက် EAEU ရဲ့လေ့လာခွင့်ရရှိတဲ့နိုင်ငံ၊ လေ့လာသူနိုင်ငံဖြစ်ဖို့အတွက် ကျွန်တော်တို့ကြိုးစားဆောင်ရွက်နေပါတယ်။ ကြိုးစားဆောင်ရွက်မှုလည်း အောင်မြင်နိုင်လိမ့်မယ်လို့ မြင်ပါတယ်။ EAEU အဖွဲ့ဝင်နိုင်ငံတွေဖြစ်တဲ့ ရုရှားတို့ အခြားအဖွဲ့ဝင်နိုင်ငံတွေ အနေနဲ့လည်း မြန်မာနိုင်ငံကို ကြိုဆိုလက်ခံတယ်လို့ ကျွန်တော်တို့ မြင်ပါတယ်။

**မေး။** ခရီးစဉ်အတွင်းမှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Ulan-Udeမြို့ကိုလည်းသွားရောက်ခဲ့တာတွေ့ရပါတယ်။ ဒီခရီးစဉ်ကနေပြီးတော့ ဘယ်လိုအကျိုးအမြတ်တွေကိုရရှိခဲ့ပါသလဲခင်ဗျ။

**ဖြေ။** Buryatia ပြည်နယ်အကြီးအကဲက ကျွန်တော်တို့မြန်မာနိုင်ငံကိုလည်း လာခဲ့ဖူးပါတယ်။ သတင်းထောက်ကြီးတို့လည်းတွေ့မှာပဲဖြစ်ပါတယ်။ မာရဝိဇယ ဘုရားကြီးတန်ဆောင်တိုင်ပွဲတော်မှာ Buryatia ပြည်နယ်အထိမ်းအမှတ်အနေနဲ့ မီးပုံးပျံလွှတ်တင်ခဲ့တာရှိပါတယ်။ ထူးခြားတာက Buryatia ပြည်နယ်က ဗုဒ္ဓဘာသာကိုးကွယ်တဲ့ပြည်နယ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ ဗုဒ္ဓဘာသာနဲ့ပတ်သက်ပြီး၊ ဘာသာရေးနဲ့ပတ်သက်ပြီး ဆက်ဆံမှု၊ ဆက်သွယ်မှုတွေ အများကြီးရှိခဲ့ပါတယ်။ ဒါ့အပြင် အဲဒီမှာရှိနေတဲ့ဗုဒ္ဓဘာသာသာညီလာခံဖိုရမ်တစ်ခုလုပ်ဖို့လည်း ဆောင်ရွက်နေတာတွေရှိတယ်။ မြန်မာနိုင်ငံကဆရာတော်ဘုရားကြီးတွေလည်း သူတို့ဆီကို ကြွနေတာရှိတယ်၊ နောက်တစ်ခုက ရဟတ်ယာဉ်နဲ့ပတ်သက်ပြီး သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်တွေ၊ သူတို့နဲ့ပူးပေါင်းဖို့ ဆောင်ရွက်နေတာရှိတယ်။ ဒါ့အပြင် Ulan-Udeမှာ ရထားပို့ဆောင်ရေးနဲ့ပတ်သက်ပြီး စက်ရုံတွေရှိတယ်၊ အဲဒီစက်ရုံတွေကိုလည်း ပူးပေါင်းဆောင်ရွက်ဖို့၊ ခရီးသွားမြှင့်တင်ဖို့ ကျွန်တော်တို့သွားရောက်လေ့လာခဲ့တယ်။ ဒီနေ့မှာဆို Ulan-Udeမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ Buryatia ပြည်နယ်အကြီးအကဲတို့က ရထားစက်ရုံကိုလေ့လာပြီးတဲ့နောက်ပိုင်းမှာ သူတို့မီဒီယာတွေကလည်း တော်တော်စိတ်ဝင်စားကြတယ်။ သူတို့ဆီက ပင်မမီဒီယာရှစ်ခုကလာပြီး နိုင်ငံတော်ဝန်ကြီးချုပ်ကိုလည်းမေးတယ်။ Buryatia ပြည်နယ်အကြီးအကဲကိုလည်း မေးတယ်။ သူတို့အနေနဲ့လည်း မြန်မာနိုင်ငံကို စိတ်ဝင်စားတဲ့ပြည်နယ်တစ်ခုဖြစ်ပါတယ်။ အဲဒီကနေကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။

**မေး။** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်နိုင်ငံနဲ့ ရုရှားနိုင်ငံသို့သွားရောက်ခဲ့တဲ့ ခရီးစဉ်နဲ့ပတ်သက်ပြီး ဗိုလ်ချုပ်အနေနဲ့ ဘာများဖြည့်စွက်ပြောကြားချင်ပါသလဲခင်ဗျ။

**ဖြေ။** ကျွန်တော်တို့မြန်မာနိုင်ငံက ကျင့်သုံးနေတဲ့ နိုင်ငံခြားမူဝါဒက လွတ်လပ်တက်ကြွပြီး ဘက်မလိုက်တဲ့နိုင်ငံခြားရေးမူဝါဒဖြစ်တယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတကာဆက်ဆံရေးမှာဆိုရင် နိုင်ငံအားလုံးကို မိတ်ဆွေအဖြစ်မိတ်ဝတ်မပျက်ဆက်ဆံမှာဖြစ်တယ်၊ သို့သော်ကျွန်တော်တို့အနေနဲ့က နိုင်ငံအားလုံးနဲ့ ဆက်ဆံတဲ့နေရာမှာ ကိုယ့်ကိုပိုပြီးအကျိုးပြုမယ့်နိုင်ငံ၊ ကိုယ့်နိုင်ငံအတွက်၊ ကိုယ့်ပြည်သူလူထုရဲ့လူမှုအကျိုးစီးပွားအတွက် လက်တွေ့အကျိုးစီးပွားဖြစ်နိုင်တဲ့ နိုင်ငံတွေနဲ့ ဦးစားပေးပြီး ဆက်ဆံသွားရမှာဖြစ်ပါတယ်။ ဒီခရီးစဉ်မှာလည်း မြန်မာပြည်သူလူထု၊ မြန်မာနိုင်ငံလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်တဲ့ လမ်းစကောင်းတွေကို ရရှိခဲ့တယ်လို့ ကျွန်တော်မြင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

# UFC-317 ပြိုင်ပွဲတွင် ဖလိုင်းဝိတ်တန်းအဆင့် ၁ ဖိုက်တာ Brandon Royval ကို မြန်မာဖိုက်တာ Joshua Van အနိုင်ရ

**ရန်ကုန် ဇွန် ၂၉**

၂၀၂၅ ခုနှစ် ဇွန်လ ၂၉ ရက် အမေရိကန်နိုင်ငံ လပ်ဗီးဂတ်မြို့၌ ကျင်းပသည့် UFC-317 ဖလိုင်းဝိတ်တန်းပြိုင်ပွဲတွင် မြန်မာနိုင်ငံဖွား ချင်းလူငယ်ဖိုက်တာ Joshua Van က UFC ဖလိုင်းဝိတ်တန်း အဆင့် ၁ ဖိုက်တာဖြစ်သည့် ပြိုင်ဘက်အမေရိကန်ဖိုက်တာ Brandon Royval ကို သုံးချီပြည့်သည်အထိ ဘတစ်ပြန်ကျားတစ်ပြန် ထိုးသတ်ခဲ့ပြီး ဒိုင်အဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

Joshua Van က ပထမအချီတွင် လက်ရည်အသာနှင့် ထိုးသတ်နိုင်ခဲ့ပြီး ဒုတိယအချီတွင် Brandon Royval က လက်ရည်အသာဖြင့် ပြန်လည်ထိုးသတ်သွားသည်။ တတိယအချီတွင် Brandon Royval ကို ကြမ်းပြင်ပေါ်သို့ လဲကျသွားစေသည်အထိ Joshua Van ၏ လက်သီးချက်များက ပိုမိုထိရောက်ပြင်းထန်ခဲ့သည်။

ယခုပြိုင်ပွဲတွင် အနိုင်ရရှိသူသည် UFC ဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ်ကို စိန်ခေါ်ခွင့်ရမည်ဖြစ်ကြောင်း ဇွန်လ ၂၇ ရက်က ပြုလုပ်ခဲ့သည့် ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် UFC ဥက္ကဋ္ဌက ထုတ်ပြန်ပြောဆိုထားသည်။

ပြိုင်ဘက်ဖြစ်သူ Brandon Royval မှာ UFC ဖလိုင်းဝိတ်တန်းတွင် အဆင့် ၁ သတ်မှတ်ခြင်းခံထားရသူဖြစ်သည်။ အသက် ၃၂ နှစ်အရွယ်၊ အရပ် ၅ ပေ ၉ လက်မရှိပြီး ပရော်ဖက်ရှင်နယ် ဖိုက်တာဘဝတွင် ပြိုင်ပွဲပေါင်း ၂၄ ပွဲထိုးသတ်ထားသူဖြစ်ကာ ၁၇ ပွဲနိုင်၊ ၇ ပွဲရှုံးနိမ့်ထားသူဖြစ်သည်။ UFC ပြိုင်ပွဲကြီးတွင်မူ ၁၀ ပွဲထိုးသတ်ထားပြီး ၇ ပွဲနိုင်၊ ၃ ပွဲရှုံး ရလဒ်ကို ပိုင်ဆိုင်ထားသူဖြစ်သည်။




မြန်မာနိုင်ငံဖွား ချင်းလူငယ်ဖိုက်တာ Joshua Van မှာ ယခုနိုင်ပွဲကြောင့် UFC ပြိုင်ပွဲကြီးတွင် နောက်ဆုံးငါးပွဲဆက်တိုက် အနိုင်ရရှိခဲ့ပြီဖြစ်သည်။ Joshua Van မှာ လက်ရှိ အသက် ၂၃ နှစ်အရွယ်သာရှိသေးပြီး UFC ပြိုင်ပွဲကြီးတွင် ပွဲပေါင်း ၉ ပွဲအထိ ထိုးသတ်ထားကာ ၈ ပွဲနိုင်၊ ၁ ပွဲရှုံးဖြင့် ရလဒ်ကောင်းများ ရရှိထားသူဖြစ်ကြောင်း သိရသည်။

ရာဇာ

# ရွှေတိဂုံစေတီတော်၌ ဝါတွင်းကာလ ဗုဒ္ဓပူဇနိယပွဲတော်များနှင့် သီလခံယူပွဲများကျင်းပမည်



ရန်ကုန် ဇွန် ၂၉

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့သည် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာပူဇာဖြင့် ဆယ့်နှစ်လရာသီအလိုက် ပွဲတော်များကျင်းပလျက်ရှိရာ ဝါတွင်းကာလတွင်လည်း ဗုဒ္ဓပူဇနိယပွဲတော်များနှင့် သီလခံယူပွဲများကျင်းပမည်ဖြစ်သည်။

ဝါတွင်းကာလ ဗုဒ္ဓပူဇနိယပွဲတော်များမှာ ၁၃၈၇ ခုနှစ် ဝါဆိုလပြည့်နေ့ဖြစ်သည့် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၉ ရက်တွင် ဓမ္မစကြာအခါတော်နေ့အခမ်းအနားနှင့် ဝါဆိုရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲအခမ်းအနား၊ ဝါခေါင်လပြည့်နေ့ဖြစ်သည့် ဩဂုတ်လ ၈ ရက်တွင် မေတ္တာအခါတော်နေ့အခမ်းအနားနှင့် ပန်းပေါင်း ၈၄၀၀၀ ပူဇော်ပွဲအခမ်းအနား၊ တော်သလင်းလပြည့်နေ့ဖြစ်သည့် စက်တင်ဘာလ ၆ ရက်တွင် ဂရုဓမ္မအခါတော်နေ့အခမ်းအနား၊ သီတင်းကျွတ်အဖိတ်နေ့ဖြစ်သည့် အောက်တိုဘာလ ၅ ရက်တွင် သီတင်းကျွတ်မီးထွန်းပွဲတော် အခမ်းအနား၊ သီတင်းကျွတ်လပြည့်နေ့ဖြစ်သည့် အောက်တိုဘာလ ၆ ရက်တွင် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားများဖြစ်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ထို့ပြင် ဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ လပြည့်၊ လကွယ်နှင့်ကြားရက်ဥပုသ်နေ့များတွင် ဘုရားဖူးပြည်သူများအနေဖြင့် ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ သီလခံယူဆောက်တည်နိုင်ရန် သီလခံယူပွဲများစီစဉ်ထားရှိရာ ရဟန်းရှင်လူပြည်သူများပါဝင်လှူဒါန်းကုသိုလ်ပြုနိုင်ကြောင်း သိရသည်။

ထို့အတူ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌လည်း ဝါဆိုလပြည့်နေ့ဖြစ်သော ဇူလိုင်လ ၉ ရက်မှစ၍ သီတင်းကျွတ်လပြည့်နေ့ဖြစ်သည့် အောက်တိုဘာလ ၆ ရက်အထိ အပတ်စဉ်ဥပုသ်နေ့တိုင်း နံနက် ၁၀ နာရီခွဲတွင် သီလပေးတရားတော်များကို ဗိုလ်တထောင်မြို့နယ်မှ ဆရာတော်အရှင်သူမြတ်များကလည်းကောင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီးများ၊ ဓမ္မကထိကဆရာတော်ကြီးများကလည်းကောင်း၊ ညနေ ၃ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ ဆရာတော်ကြီးများကလည်းကောင်း တရားတော်များ ချီးမြှင့်ဟောကြားတော်မူမည်ဖြစ်သည်။ ယင်းနေ့များတွင် တရားနာလာရောက်သူများကို အာဟာရဒါနလှူဒါန်းလိုပါက ဖုန်း- ၀၁-၈၂၉၂၁၆၉၊ ၀၁-၈၂၀၁၇၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဝန်းရံခ**

# ကန့်ဘလူမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ



ကန့်ဘလူ ဇွန် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်းပွဲကို ဇွန်လ ၂၈ ရက်က ညောင်ပင်ကြီးကျေးရွာအုပ်စု ညောင်ပင်ကြီးကျေးရွာ ဦးပိုင်အမှတ် (၁၂၆) ကွင်းအမှတ် (၅၉၂) ညောင်ပင်ကြီးကွင်းရှိ တောင်သူ ဦးဟန်ဝင်းဘို၏ အောင်နိုင်တိုးစပါးစိုက်ခင်း၌ ကျင်းပသည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စိုက်ပျိုးညှိနှိုင်းမှုအဖွဲ့၊ ခရိုင်/မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်စပါးစိုက်တောင်သူများ တက်ရောက်ကြပြီး စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကလျှင် စပါးအစို တင်း ၁၃၀ နှုန်းထွက်ရှိကြောင်း၊ ကန့်ဘလူမြို့နယ်၌ ၂၀၂၄-၂၀၂၅ နွေစပါးစိုက်ပျိုးရာသီက ရွှေသွယ်ရင်၊ ရွှေဆယ်ရင်၊ အောင်နိုင်တိုးနှင့် ရွှေဝါထွန်းစပါးမျိုးများကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်၌ ၂၀၂၄-၂၀၂၅ နွေစပါးစိုက်ပျိုးရာသီက ဆည်ရေသောက်၊ စက်ရေတင်၊ လျှပ်စစ်ရေတင်စနစ်တို့ဖြင့် နွေစပါး ၂၂၆၅၄ ဧက စိုက်ပျိုးခဲ့ကြောင်းနှင့် အောင်နိုင်တိုးစပါးမျိုးကို ၁၀ ဧက စမ်းသပ်စိုက်ပျိုးထားခြင်းဖြစ်ပြီး အောင်နိုင်တိုးစပါးမျိုးကို အထွက်နှုန်းကောင်း၊ ဈေးကွက်ကောင်းရရှိပါက မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးနိုင်ရန် စမ်းသပ်စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ရွှေကျင်မြို့နယ် ကရင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)မှ ချေးငွေများထုတ်ချေးပေး

ရွှေကျင် ဇွန် ၂၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ရွှေကျင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကရင်စုကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)မှ ချေးငွေများထုတ်ချေးပေးခြင်းကို ဇွန်လ ၂၉ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ ရွှေကျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နော်ထူးဘိုက ကရင်စုကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသောတောင်သူများ လိုအပ်သည့် စိုက်ပျိုးစရိတ်၊ မျိုးစေ့နှင့် သွင်းအားစုများအတွက် ပံ့ပိုးပေးနိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့်အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ငွေကျပ် ၁၁၃ သိန်းကို ကရင်စုကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကရင်စုကျေးရွာရှိ နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသူ ၂၂ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ချေးငွေ ငွေကျပ် ၁၁၃ သိန်းကို သက်သာသောအတိုးနှုန်းဖြင့် တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုလေး**

# ညောင်လေးပင်မြို့နယ်၌ အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်

ညောင်လေးပင် ဇွန် ၂၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြန်မာနိုင်ငံစာရေးဆရာအသင်းမှကြီးမှူး၍ အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲကို ဇွန်လ ၂၂ ရက်က ကျင်းပခဲ့ရာ ပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန်လ ၂၈ ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)အလုပ်အမှုဆောင်ဒေါက်တာမြင့်သန်း(ညောင်လေးပင်)က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးစိုးဝင်း(မောင်စုမြင်)က ကဗျာပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ အတွင်းရေးမှူး ဦးဟိန်းထက်အောင်က ပြိုင်ပွဲနှင့်ပတ်သက်၍ ဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပထမဆုရရှိသော အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (ညောင်လေးပင်)Grade-11 မှမောင်ကောင်းထွဋ်ဇင်၊ ဒုတိယဆုရရှိသော အခြေခံပညာအထက်တန်းကျောင်း (ဇီးကုန်းကြီး) Grade-10 မှ မပန်းသဇင်စိုး၊ တတိယဆုရရှိသော အခြေခံပညာအထက်တန်းကျောင်း (ခွဲ)(ညောင်လေးပင်) Grade-11 မှ မကြယ်စင်သော်နှင့် အထူးဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဂုဏ်ပြုတံဆိပ်နှင့်ဆုငွေများ အသီးသီးချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် မြို့နယ်စာရေးဆရာအသင်းအဖွဲ့ဝင် ဦးလှမြင့် (လှမြင့်ဦး-ညောင်လေးပင်)က အသင်း၏ရှေ့လုပ်ငန်းစဉ်များနှင့် ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီအားပေးခဲ့ကြသူများအား ဂုဏ်ပြုစကားများပြောကြားကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

★ **ရှေ့ဖုံးမှအဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ခရီးစဉ်တွင် လိုက်ပါသွားကြသည့်အဖွဲ့ဝင်များ ပြန်လည်လိုက်ပါလာကြသည်။

အဆိုပါခရီးစဉ်များအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘယ်လာရုစ်နိုင်ငံ၊ မင့်စ်မြို့၌ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်(EEF 2025) သို့ တက်ရောက်ခြင်း၊ EAEU ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်နိုင်ငံသမ္မတနှင့် သီးခြားတွေ့ဆုံဆွေးနွေးခြင်း၊ ဥရောပ-အာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာခြင်းများကို ဆောင်ရွက်ခဲ့ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ Eurasian Economic Union – EAEU အဖွဲ့ဝင်နိုင်ငံများနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များကို ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား Buryatia ပြည်နယ်၊ ပြည်နယ်အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov နှင့်တာဝန်ရှိသူများက Buryatia ပြည်နယ်၊ Ulan-Ude မြို့၊ Baikal အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။



ထို့ပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Buryatia ပြည်နယ်သို့ ရောက်ရှိချိန်တွင်လည်း စက်ရုံ၊ အလုပ်ရုံများသို့သွားရောက်လေ့လာခဲ့ပြီး ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ၊ စက်မှုနည်းပညာဆိုင်ရာ စသည့်ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## အာရှကစ်ဘောက်ဆင်ကွန်ဖက်ဒရေးရှင်းမှ နည်းစနစ်များလာရောက်ဆွေးနွေး



ရန်ကုန် ဇွန် ၁၉

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၅ ဆီးဂိမ်းပြိုင်ပွဲတွင် ကစ်ဘောက်ဆင်အားကစားနည်း အောင်မြင်မှုရရှိစေရန် အာရှကစ်ဘောက်ဆင်ကွန်ဖက်ဒရေးရှင်းမှ ကစ်ဘောက်ဆင်နည်းစနစ်များကို ယနေ့တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သိမ်ဖြူအားကစားခန်းမ၌ လာရောက်ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ဆီးဂိမ်းကိုဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်တဲ့အတွက် ဒိုင်တွေ၊ ကစားသမားတွေ၊ နည်းပြတွေမှာ ဆီးဂိမ်းနဲ့ပတ်သက်တဲ့ အတွေ့အကြုံမရှိသေးဘူး။ နည်းစနစ်ချင်း၊ အမှတ်ပေးတဲ့ပုံစံချင်း ကွဲပြားမှာစိုးတဲ့အတွက် အာရှအဖွဲ့ချုပ်ကို ဆက်သွယ်ပါတယ်။ အာရှကစ်ဘောက်ဆင်အဖွဲ့ချုပ်ဥက္ကဋ္ဌဖြစ်တဲ့ မစ္စတာနာဆရီ ကိုယ်တိုင်ရောက်လာပါတယ်။ သူနဲ့အတူ နည်းစနစ်ဒါရိုက်တာ မစ္စတာလင်းလည်း ရောက်လာပြီး ဆွေးနွေးပို့ချကြတာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ကစ်ဘောက်ဆင်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌဦးဝဏ္ဏကပြောသည်။

ယင်းဆွေးနွေးပွဲကို ကစ်ဘောက်ဆင်နည်းပြများ ဒိုင်များ၏နည်းစနစ်ဆိုင်ရာ အသိပညာများမြှင့်တင်ရန်၊ အာရှကစ်ဘောက်ဆင်ကွန်ဖက်ဒရေးရှင်း၏ အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့်ကိုက်ညီသော ဒိုင်လူကြီးလုပ်ငန်းစဉ်များ ချမှတ်ရန်၊ ဆီးဂိမ်းအတွက် သီးသန့်သတ်မှတ်ထားသော စည်းမျဉ်းများနှင့်ကျန်းမာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများကို သုံးသပ်အသုံးချရန် စသည့်ရည်ရွယ်ချက်များ ဖြင့်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆွေးနွေးမှုများတွင် အာရှကစ်ဘောက်ဆင်ကွန်ဖက်ဒရေးရှင်း၏ နောက်ဆုံးရပြင်ဆင်ထားသော စည်းမျဉ်းများနှင့် အမှတ်ပေးစံနှုန်းများ၊ ပြိုင်ပွဲစီမံခန့်ခွဲမှုနှင့် ကန့်ကွက်တင်ပြသည့် လုပ်ထုံးလုပ်နည်းများ၊ ဆေးဘက်ဆိုင်ရာနှင့်အားဆေးသုံးစွဲမှုကာကွယ်ရေး စည်းကမ်းချက်များ၊ ယခင်ကျင်းပခဲ့သော ဆီးဂိမ်းနှင့်အာရှချန်ပီယံပြိုင်ပွဲများမှ လေ့လာဖွယ်ကိစ္စများနှင့် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်မှုများကို ထည့်သွင်းဆွေးနွေးကြကြောင်း သိရသည်။

ဝန်းရံခ

## ပလောက်မြို့၌ AI နည်းပညာကို စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် အသုံးပြုနိုင်ရေး သင်တန်းဖွင့်လှစ်ပို့ချ

ပလောက် ဇွန် ၁၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် ပလောက်မြို့ စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ယနေ့တွင် ဒေသခံတောင်သူများအား AI နည်းပညာကို စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် အသုံးပြုနိုင်ရေး နည်းပညာပေးသင်တန်းဖွင့်လှစ်ပို့ချပေးကြောင်း သိရသည်။

ရှေးဦးစွာ ပလောက်မြို့ အုပ်ချုပ်ရေးမှူး ဦးဟိန်းမင်းအောင်က အမှာစကားပြောကြားပြီး ပလောက်မြို့ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသော်ဇင်ထွန်းက AI Application ထည့်သွင်းနည်း၊ လက်တွေ့အသုံးပြုနည်းများကို အသေးစိတ်ရှင်းလင်းပြသပြီး တောင်သူတစ်ဦးချင်းအလိုက် ဆောင်ရွက်ပေးခဲ့သည်။

AI နည်းပညာကို စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် အသုံးပြုခြင်းဖြင့် တောင်သူများ အကျိုးကျေးဇူးရရှိနိုင်ကြောင်း၊ AI နည်းပညာသည် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သော စိုက်ပျိုးရေးနည်းလမ်းများကို အကြံပြုနိုင်ပြီး AI နည်းပညာအသုံးပြုစိုက်ပျိုးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းပါးစေသည့်အပြင် ရေရှည်တည်တံ့သော စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး AI နည်းပညာသည် တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုရုံသာမက ရေရှည်တည်တံ့ပြီး အကျိုးအမြတ်ရှိသော စိုက်ပျိုးရေးလုပ်ငန်းများကို ဖော်ဆောင်နိုင်ရန် ကူညီပေးနိုင်ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ပလောက်မြို့အုပ်ချုပ်ရေးမှူး ဦးဟိန်းမင်းအောင်၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသော်ဇင်ထွန်းနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

## မြန်အောင်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ မြန်မာမုန့်လုပ်နည်းသင်တန်းဖွင့်လှစ်

မြန်အောင် ဇွန် ၁၉

၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့အကြို လှုပ်ရှားမှုအဖြစ် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မြန်မာမုန့်လုပ်နည်းသင်တန်းကို ယနေ့တွင် မြန်အောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်အောင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နေခြည်ဝင်းက ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အကြိုလှုပ်ရှားမှုအဖြစ် မြန်မာမုန့်လုပ်နည်းသင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြဆရာမများအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို မြန်အောင်ခရိုင်အတွင်းရှိ မြန်အောင်၊ ကြံခင်းနှင့် အင်္ဂပူမြို့နယ်တို့မှ သင်တန်းသူ ၃၀ ဦးတက်ရောက်ပြီး နည်းပြဆရာမများက စာတွေ့လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

ဝင်းဗိုလ်(မြန်အောင်)

# မြန်မာနိုင်ငံအတွက် အကျိုးစီးပွားများစွာဖော်ဆောင်နိုင်ခဲ့တဲ့ စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ် (EEF 2025) သို့ ခရီးစဉ်

ထက်မြတ်



နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုကို အကျိုးဟုသတ်မှတ်မည်ဆိုပါက ထိုနိုင်ငံအတွက် စွမ်းစွမ်းတမံဦးစီးဆောင်ရွက်ပေးသော ခေါင်းဆောင်ကောင်းရှိမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းကောင်းများကို ရှာဖွေဖန်တီးဆုပ်ကိုင်လျှောက်လှမ်းမှုတို့က အကြောင်းတရားများဖြစ်သည်ဟုဆိုရမည်ဖြစ်သည်။ ခေါင်းဆောင်ကောင်းဟုဆိုရာတွင် ကိုယ်ကျိုးကိစ္စများကို ငဲ့ကွက်ခြင်းမရှိဘဲ ကိုယ်ဦးဆောင်ရသည့်အဖွဲ့အစည်း၊ အသိုင်းအဝိုင်းတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ကြဉ်းပေးနိုင်သူကိုသာ ခေါ်ဆိုရမည်ဖြစ်သည်။ ထို့အတူ ခေါင်းဆောင်ကောင်းရှိရုံမျှဖြင့် မပြည့်စုံသေးပေ၊ မိတ်ဆွေကောင်းများနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းကောင်းများလည်းရှိကာ ထိုအခွင့်အလမ်းကောင်းများကို ပိုင်ပိုင်နိုင်နိုင်ဆုပ်ကိုင်နိုင်ရဦးမည်ဖြစ်သည်။

❖ **အခွင့်အလမ်းကောင်းများဆိုသည်မှာလည်း သူ့အလိုလိုဖြစ်ပေါ်လာခြင်းမျိုးမဟုတ်ဘဲ မိမိတို့ကိုယ်တိုင်က ဖန်တီးယူရခြင်းဖြစ် . . .**

❖ **မိမိတို့မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ရေခံမြေခံကောင်းသလို အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုများလုပ်ဆောင်နိုင်သည့် အချက်အချာကျသော နိုင်ငံတစ်နိုင်ငံဖြစ် . . .**

ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်လာစေရန်ဆိုသည်မှာ ကိုယ်တိုင်အသိစိတ်၊ စွန့်လွှတ်အနစ်နာခံစိတ်တို့နှင့်အတူ ထားရှိရမည့်စိတ်နေစိတ်ထားများကို မွေးမြူရန်လိုအပ်လှပေသည်။ ထို့အတူပင် အခွင့်အလမ်းကောင်းများဆိုသည်မှာလည်း သူ့အလိုလိုဖြစ်ပေါ်လာခြင်းမျိုးမဟုတ်ဘဲ မိမိတို့ကိုယ်တိုင်က ဖန်တီးယူရခြင်းဖြစ်သည်၊ ပေါ်ထွန်းလာသောအခွင့်အလမ်းကောင်းများကိုလည်း ပိုင်ပိုင်နိုင်နိုင်ဆုပ်ကိုင်နိုင်စွမ်းရှိရမည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းကြောင်းပေါ်ကို လျှောက်လှမ်းရာတွင် မိတ်ကောင်းဆွေကောင်းဆိုသည်မှာလည်း မရှိမဖြစ်အရေးပါလှသည်။ ထိုကဲ့သို့သောမိတ်ကောင်းဆွေကောင်းဆိုသည်ကိုမူ မှန်ကန်စွာရွေးချယ်တတ်ဖို့ အရေးကြီးသည်။ ထိုသို့ရွေးချယ်ခြင်းက ခေါင်းဆောင်ကောင်းအပေါ်မူတည်နေပြန်သည်။ ထို့ကြောင့် အရာအားလုံးသည် ကွင်းဆက်တစ်ခုကဲ့သို့ အပြန်အလှန်မှီခိုဆက်စပ်နေသည်ဟုဆိုရမည်ဖြစ်သည်။

မိမိတို့မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ရေခံမြေခံကောင်းသလို အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုများ လုပ်ဆောင်နိုင်သည့်အချက်အချာကျသော နိုင်ငံတစ်နိုင်ငံဖြစ်သည်၊ သို့ရာတွင်ပြည်တွင်း၌ စည်းလုံးညီညွတ်မှုအားနည်းခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုက နောက်ကျကျန်နေခဲ့သည်ကိုတွေ့ရသည်၊ သို့သော် ယခုအချိန်မှစ၍ သိပ်မဝေးတော့သောကာလတွင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို မိမိတို့အနေဖြင့် မျက်ဝါးထင်ထင်မြင်တွေ့ရလိမ့်မည်ဟု ကျွန်တော်ကတော့ ယုံကြည်မိသည်၊ အဘယ်ကြောင့်ဆိုသော် ခေါင်းဆောင်ကောင်းတစ်ဦး၏ခံယူချက်နှင့် မှန်ကန်သောလုပ်ရပ်များကြောင့်သာဖြစ်သည်။ ကျွန်တော်တို့စိုက်သော အပင်သည် နောင်လာနောက်သားများအတွက်ဖြစ်သည်ဟုဆိုသော စကားနှင့်အညီ ထိုခေါင်းဆောင်ကောင်း၏ ပစ္စုပ္ပန်လုပ်ရပ်များသည် အနာဂတ်တွင် မိမိတို့၏မျိုးဆက်များအတွက် အကျိုးများစေသည်မှာအမှန်ပင်ဖြစ်သည်။

ကျွန်တော်တို့၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းမှာပင် ဘယ်လာရုစ်နိုင်ငံသို့သွား၍ စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်(EEF 2025) မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ထိုသို့သွားရောက်ခြင်းသည် ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် မိတ်ကောင်းဆွေကောင်းများနှင့်တွေ့ဆုံခြင်းပင်ဖြစ်သည်ဟုဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် မှန်ကန်သောရည်မှန်းချက်၊ ရည်ရွယ်ချက်၊ လုပ်ဆောင်ချက်များဖြင့် စတင်ဖွဲ့စည်းခဲ့သည့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂ(EAEU) အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များနှင့် ကိုယ်တိုင်ကိုယ်ကျ ထိတွေ့ဆက်ဆံနိုင်ခဲ့သည့်အတွက်ဖြစ်သည်။ ထို့ကြောင့် EAEU အကြောင်းကို အကျဉ်းချုပ်အားဖြင့် ဖော်ပြလိုသည်။

ဥရောပ-အာရှစီးပွားရေးသမဂ္ဂ (EAEU) ဆိုသည်မှာ ၂၀၁၄ ခုနှစ် မေလ ၂၉ ရက်တွင် ဘယ်လာရုစ်၊ ကာဇက်စတန်နှင့် ရုရှားနိုင်ငံတို့မှခေါင်းဆောင်များက သဘောတူညီချက်လက်မှတ်ရေးထိုးပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် စတင်အသက်ဝင်လာသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ၂၀၁၄ ခုနှစ် အောက်တိုဘာလနှင့် ဒီဇင်ဘာလတို့တွင် အာမေးနီးယားနှင့် ကာဂျစ်စတန်နိုင်ငံတို့ကို ထိုသမဂ္ဂတွင် အဖွဲ့ဝင်အဖြစ်ပါဝင်နိုင်ခွင့်ပြုရေးအတွက် သဘောတူညီချက်များကို လက်မှတ်ထိုးခဲ့သည်။ ထို့နောက်တွင် EAEU သည် အဖွဲ့ဝင်ငါးနိုင်ငံဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်လာသည်။

EAEU သည် ကုန်စည်နှင့်ဝန်ဆောင်မှုများ လွတ်လပ်စွာစီးဆင်းရေးကိုအားပေးကာ မေခရိုစီးပွားရေးရပ်ဝန်း၊ ပို့ဆောင်ရေး၊ စက်မှုနှင့်စိုက်ပျိုးရေး၊ စွမ်းအင်၊ ပြည်ပကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ အကောက်ခွန်၊ လုပ်ထုံးလုပ်နည်းဆိုင်ရာစည်းမျဉ်းစည်းကမ်းများချမှတ်ခြင်း အစရှိသည်တို့ကို ဖော်ဆောင်ပေးသော အဖွဲ့အစည်းဖြစ်သည်။ ၎င်းတို့၏အနာဂတ်မျှော်မှန်းချက်တစ်ခုမှာ အဖွဲ့ဝင်နိုင်ငံများကြား ကုန်သွယ်ရေးတွင် ဘုံငွေကြေးတစ်ရပ်ကိုဖော်ဆောင်အသုံးပြုရေးနှင့် အဖွဲ့ဝင်နိုင်ငံအရေအတွက် တိုးတက်များပြားလာရေးဖြစ်သည်။ ၂၀၂၃ ခုနှစ်အတွက် ကောက်ယူရရှိသောစာရင်းများအရ ထိုအဖွဲ့တွင် လူဦးရေပေါင်း ၁၈၃ သန်းပါဝင်ပြီး ဂျီဒီပီမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ထရီလီယံအထိရှိသည်။

EAEU နှင့်အတူ အရေးပါသည့်အရာတစ်ခုမှာ ဥရောပ-အာရှစီးပွားရေးဖိုရမ်ဖြစ်သည်။ ထိုဖိုရမ်တွင် အဖွဲ့ဝင်နိုင်ငံများ အချင်းချင်းသာမက အဖွဲ့ဝင်ပြင်ပနိုင်ငံများနှင့်ပါ စီးပွားရေးဆိုင်ရာ ဆောင်ရွက်နိုင်မည့် အခြေအနေများကို အပြန်အလှန်ဆွေးနွေးခြင်းအပါအဝင် EAEU ဖွဲ့စည်းတည်ထောင်မှု (၁၀)နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနားများကိုလည်း ထည့်သွင်းကျင်းပခဲ့သည်ကိုတွေ့ရသည်၊ အဆိုပါဖိုရမ်၏ မျက်နှာစုံညီအစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များနှင့်အတူ ကျွန်တော်တို့၏ နိုင်ငံတော်အကြီးအကဲသည်လည်း ပါဝင်တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲပြောကြားသောမိန့်ခွန်းအနက် အချက်အလက်အချို့ကို ထုတ်နုတ်ကြည့်ရလျှင် မြန်မာနိုင်ငံနှင့် EAEU တို့ကြားထိတွေ့ဆက်ဆံမှုက ၂၀၂၂ ခုနှစ်မှစတင်ခြင်းဖြစ်သော်လည်း ၂၀၂၃ ခုနှစ်တွင် ထိုဆက်ဆံမှုက အရှိန်အဟုန်မြင့်တက်လာသည်ကိုတွေ့ရသည်၊ ယင်းသို့ ထိတွေ့ဆက်ဆံမှုမှတစ်ဆင့် ကျယ်ပြန့်စွာဆွေးနွေးနိုင်ခဲ့သည့် ကဏ္ဍများတွင် ဖွံ့ဖြိုးဆဲမြန်မာနိုင်ငံအတွက် မရှိမဖြစ်လိုအပ်သော လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ မြန်မာနိုင်ငံ၏အဓိကထုတ်ကုန်ဖြစ်သော စိုက်ပျိုးရေးကဏ္ဍ၊ အနာဂတ်အတွက်အုတ်မြစ်ဖြစ်သောပညာရေးကဏ္ဍ၊ ကုန်စည်စီးဆင်းမှုအတွက်အရေးပါသောသယ်ယူပို့ဆောင်ရေးကဏ္ဍ စသည့်ကဏ္ဍပေါင်းစုံပါဝင်သည်။

ဤနေရာတွင် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်၏ အရေးပါမှုကိုလည်းထည့်တွက်ရမည်ဖြစ်သည်။ ၂၀၂၃ ခုနှစ်မှာပင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပသည့် (၂၆) ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်တွင် မြန်မာနိုင်ငံနှင့်ဥရောပ-အာရှစီးပွားရေးကော်မရှင်တို့ကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးလိုက်နိုင်သည်၊ ၂၀၂၄ ခုနှစ်တွင်မြန်မာနိုင်ငံနှင့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂတို့ကြား အပြန်အလှန်ဆက်ဆံရေးမြှင့်တင်ရန် အုတ်မြစ်ချနိုင်ခဲ့ပြီဖြစ်သည်၊ ၂၀၂၅ ခုနှစ်မှာတော့ ဥရောပ-အာရှစီးပွားရေးဖိုရမ်သို့ နိုင်ငံတော်အကြီးအကဲကိုယ်တိုင်တက်ရောက်ပြီး မိန့်ခွန်းပြောကြားခြင်းဖြင့် အပြန်အလှန်ဆက်ဆံရေးက ပိုမိုခိုင်မာလာပြီဖြစ်သည်၊ ဒီလိုခိုင်မာမှုနှင့်အတူ မြန်မာနိုင်ငံနှင့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂတို့ကြား စီးပွားရေး၊ ကုန်သွယ်ရေးစသည့်ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကိုဖော်ထုတ်ပြီး တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်သည်။

ထိုကဲ့သို့ အပြန်အလှန်ဆက်ဆံရေး တိုးတက်မြင့်မားလာမှုအတွက် အရေးပါပြီး အရာရောက်သည့်တစ်ခုမှာ စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်ဖြစ်သည်။ ထိုဖိုရမ်ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပခြင်းဖြစ်သည်။ ထိုဖိုရမ်ကြောင့် မြန်မာနိုင်ငံနှင့်ရုရှားနိုင်ငံတို့ကြား အပြန်အလှန်စီးပွားရေးဆက်ဆံမှုများ၊ ရင်းနှီးမြှုပ်နှံမှုများပိုမိုတိုးတက်လာသည်။ မကြာသေးမီကကျင်းပပြီးစီးခဲ့သည့် (၂၈) ကြိမ်မြောက်စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်၏ ဆွေးနွေးမှုအစီအစဉ်တစ်ခု၌ ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မစ္စတာမက်ဆင်ရီရှတ်နီကော့က မြန်မာနိုင်ငံနှင့်ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်တစ်ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့သည်။

ထိုစာချုပ်မှာ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုလုပ်မည့် အဓိကနယ်ပယ်မှာ ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍဖြစ်သည်ဟု နိုင်ငံတကာသတင်းများတွင်ဖော်ပြထားသည်ကိုတွေ့ရသည်။ အဆိုပါရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် သယ်ယူပို့ဆောင်ရေးအခြေခံအဆောက်အဦ၊ သတ္တု၊ စိုက်ပျိုးရေးနှင့် ဆက်သွယ်ရေးကဏ္ဍများအပါအဝင် အခြားနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို လွယ်ကူချောမွေ့စေမည်ဖြစ်သည်။

(၂၈) ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်၏ ဆက်စပ်အစည်းအဝေးအဖြစ်ကျင်းပသော ဥရောပ-အာရှစီးပွားရေးကော်မရှင်နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်အစည်းအဝေးကိုလည်း အပြန်အလှန်ကုန်သွယ်ရေးနှင့်

စာမျက်နှာ ၁၃ သို့ ❖

❖ စာမျက်နှာ ၁၂ မှအဆက်
စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ တိုးမြှင့်ရေးနှင့် လုပ်ငန်းအဖွဲ့များအကြား ဆွေးနွေးရန်လိုအပ်သော စီးပွားရေးဆိုင်ရာ အခက်အခဲများကို သတ်မှတ်ခြင်းတို့ကို အဓိကရည်ရွယ်ပြီး ကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် ဥရောပ - အာရှ စီးပွားရေးသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအတွင်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် စည်းမျဉ်း စည်းကမ်းများအပေါ် အပြန်အလှန်ဆွေးနွေး ခြင်းသည် မြန်မာနိုင်ငံနှင့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံငါးနိုင်ငံတို့ အကြား ကုန်သွယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်လာစေရန် ရည်ရွယ်ဆွေးနွေး ခြင်းဖြစ်သည့်အပြင် ၂၀၁၉ ခုနှစ်မှစ၍ ကုန်သွယ်မှုပမာဏမှာ သုံးဆတိုးလာ ကြောင်း ဥရောပ-အာရှ စီးပွားရေး ကော်မရှင်၊ မေခရို(အကြီးစား) စီးပွားရေး နှင့် ပေါင်းစည်းရေးဝန်ကြီး Mr.Eldar Alisherov က ပြောကြားခဲ့သည်။ မိမိနိုင်ငံ အကျိုးစီးပွားအတွက် လက်ရှိအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှု အသီးအပွင့်များ ပင်ဖြစ်သည်။ ထိုမှတစ်ဆင့် ဥရောပ- အာရှစီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ နှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်နိုင် ရေးအတွက် ယုံကြည်မှုများ ပိုမိုတိုးမြှင့် ရရှိလာမည်ဖြစ်သည်။

ယခုဘယ်လာရုစ်နိုင်ငံတွင်ကျင်းပသည့် စတုတ္ထအကြိမ်မြောက် ဥရောပ-အာရှ စီးပွားရေးဖိုရမ်သို့ မြန်မာနိုင်ငံမှနိုင်ငံတော် အကြီးအကဲကိုယ်တိုင်တက်ရောက်ခြင်း က အိမ်ရှင်ဘယ်လာရုစ်နိုင်ငံသမ္မတ၏ ဖိတ်ကြားချက်အရဖြစ်သည်။ နိုင်ငံတော် အကြီးအကဲက ထိုသို့တက်ရောက်ခွင့်ရချိန် တွင်ရရှိသောအခွင့်အရေးကိုအကောင်းဆုံး အသုံးချသည့်အနေဖြင့် မြန်မာနိုင်ငံက ဥရောပ-အာရှစီးပွားရေးသမဂ္ဂ၏ မိသားစု အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ရန် များစွာ စိတ်အားထက်သန်လျက်ရှိကြောင်းနှင့် မြန်မာနိုင်ငံကို ဥရောပ-အာရှစီးပွားရေး သမဂ္ဂ၏လေ့လာသူနိုင်ငံအဖြစ် ဆောလျင် စွာ ပါဝင်နိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံ့ ခေါင်းဆောင်များက ထောက်ခံဆောင်ရွက် ပေးရန် အလေးအနက်ထားမေတ္တာရပ်ခံလိုကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏တည်နေရာနှင့် ရုရှား၊ ဘယ်လာရုစ် အစရှိသော ဥရောပ-အာရှ စီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ တည်နေရာကို မြေပုံပေါ်တွင်ကြည့်လျှင် တော်တော်လေးဝေးကွာသည်ကိုတွေ့ရ မည်ဖြစ်သည်။ ထိုသို့ဆိုလျှင် မြန်မာနိုင်ငံ က ထိုသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်လာစေရေး ကြိုးပမ်းမှုသည်အရာထင်ပါ့မလားဟူသော စိုးရိမ်မှုတို့ရှိနေနိုင်သည်၊ သို့သော်ထိုအချက် ကိုစိတ်ပူစရာမလိုပေ။ အကြောင်းရင်းမှာမူ မြန်မာနိုင်ငံသည် အာဆီယံဒေသအတွက် အချက်အချာကျသောနေရာတွင်ရှိနေခြင်း ကြောင့်ဖြစ်သည်။

ဥရောပ-အာရှစီးပွားရေးသမဂ္ဂဆိုသည် မှာ နိုင်ငံရေး၊ စစ်ရေးထက် စီးပွားရေးကို အဓိက ဦးစားပေးဆောင်ရွက်သော အဖွဲ့ အစည်းတစ်ခုဖြစ်သည်။ ထို့အတွက် ၎င်းတို့ အနေဖြင့် စီးပွားရေးကွန်ရက်ကို မဖြစ်မနေ ချဲ့ထွင်ရမည်ဖြစ်သည်။ ယင်းသို့ချဲ့ထွင် ရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့်စီးပွားရေး လုပ်ခြင်းထက် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့်ပူး ပေါင်း၍ စီးပွားရေးလုပ်ခြင်းက ကမ္ဘာကြီး ဖွံ့ဖြိုးတိုးတက်မှုအတွက်များစွာအထောက် အကူပြုနိုင်သည်၊ ထို့ကြောင့်အလားအလာ ကောင်းများရှိသော နယ်မြေများကိုရှာဖွေ ရာတွင် အာဆီယံဒေသကရှေ့ဆုံးတွင် ရှိနေသည်။ အာဆီယံဒေသအတွက် မည်သည့်နိုင်ငံကအချက်အချာဖြစ်မည်ကို ဆက်လက်ရှာဖွေရာတွင် မြန်မာနိုင်ငံက ထိပ်ဆုံးကပါဝင်နေသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သွားပါက မြန်မာနိုင်ငံအတွက်သာမက အာဆီယံဒေသ အတွက်ပါ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု များကို ဆောင်ကြဉ်းပေးနိုင်စေမည်ဖြစ် သည်။

ထိုအရေးကိုကြိုတင်ရှုမြင်ထားသည့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂအဖွဲ့ဝင် နိုင်ငံများမှ ခေါင်းဆောင်များက မြန်မာ နိုင်ငံကိုဧည့်သည်တော်အဖြစ်ဖိတ်ကြား သည်။ ကျွန်တော်တို့၏နိုင်ငံတော်အကြီး အကဲကလည်း ဥရောပ-အာရှစီးပွားရေး သမဂ္ဂနှင့်ဆက်စပ်၍ မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်မည့်အလားအလာကောင်း များကိုမြော်တွေးကာ ဖိတ်ကြားမှုကိုလက်ခံ သည့်အပြင် မိန့်ခွန်းပါပြောကြားပြီး မြန်မာ နိုင်ငံကို ၎င်းတို့၏မိသားစုအဖွဲ့ဝင်နိုင်ငံ အဖြစ်ပါဝင်ရန် များစွာစိတ်အားထက်သန် နေကြောင်းပြောကာ မြန်မာနိုင်ငံကို လေ့လာသူအဖြစ်ဆောလျင်စွာ ပါဝင် ခွင့်ပြုရေး မေတ္တာရပ်ခံခဲ့သည်။

အစောပိုင်းတွင်ပြောခဲ့သည့်စကားကို ပြန်ကောက်ရလျှင် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် ခေါင်းဆောင် ကောင်းရှိပြီး ဖွံ့ဖြိုးတိုးတက်စေမည့် အခွင့် အလမ်းကောင်းများကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်နိုင်စွမ်းရှိရမည့်အပြင် မိတ်ကောင်း ဆွေကောင်းကိုလည်း မှန်ကန်စွာရွေးချယ် တတ်ရမည်ဖြစ်သည်။ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် ကြည့်လျှင် ခေါင်းဆောင်ကောင်းတစ်ဦး ပီသသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ရုရှား ဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံ တို့ကဲ့သို့သော မိတ်ကောင်းဆွေကောင်း များကို မှန်ကန်စွာ ရွေးချယ်ကာ ဥရောပ-အာရှစီးပွားရေးဖိုရမ်ဟူသည့် အခွင့်အလမ်းကောင်းကိုဆုပ်ကိုင်၍ အခွင့် အရေးအဖြစ်ပြောင်းလဲအသုံးချကာ မြန်မာ နိုင်ငံ၏အကျိုးစီးပွားအတွက် အောင်မြင် မှုရှိစွာ ဖန်တီးနိုင်ခဲ့သည်ကိုတွေ့ရသည်။

အကယ်၍များ မြန်မာနိုင်ငံက ဥရောပ- အာရှစီးပွားရေးသမဂ္ဂတွင် အဖွဲ့ဝင်နိုင်ငံ အဖြစ် ပါဝင်ခွင့်ရသွားပြီဆိုလျှင် မြန်မာ နိုင်ငံနှင့် ထိုအဖွဲ့ဝင်နိုင်ငံများကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာလာ မည်။ ကုန်သွယ်မှုများမြင့်တက်လာမည်။ နိုင်ငံအတွင်း အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်လာမည်။ ထိုနည်းတူစွာပင် မြန်မာနိုင်ငံသားတို့၏ ဘဝသည်လည်း ရေမြင့်၍ ကြာတင့်သကဲ့သို့ ဖြစ်လာစေ မည်ဖြစ်သည်။ ထိုသို့သောအကျိုးကို ရရှိအောင် ကောင်းမွန်သော အကြောင်း တရားကို ကျွန်တော်တို့၏နိုင်ငံတော် အကြီးအကဲက ဖန်တီးဆောင်ရွက်ထားပြီ ဖြစ်ပေတော့သည်။ ။

# သစ်ပင်စိုက်ကြ ထာဝရကုသိုလ်

❖ ခရီးသွား အိုအဆွေ
အမောပြေ နားပါလှည့်။
သည်သစ်ပင် အေးရိပ်ငြိမ်း
စိမ်းမြရည်လဲ့။

❖ အေးရိပ်က တဝေဝေ
လေပြည်က တသွေးသွေး။
သည်သစ်ပင် အေးမြရိပ်
ချွေးသိပ်ပါ့လေး။

❖ ဦးထုပ်နှင့် ထီးအရိပ်
ချွေးသိပ်ဖို့ လိုချင်ခါ။
ထိုက်သင့်ရာ တန်ဖိုးကြေး
ပေးရမည်သာ။
သည်သစ်ပင် အေးရိပ်မှာ
ကွန်းခိုကာ နားလိုက။
ကြေးပိုက်ဆံ ငွေသပြာ
ဘယ်ခါမှ မပေးရ။
ကိုင်းအခက် ဝေဖြာလွင်လို့
စေတနာရှင် သစ်ပင်လေး
အေးရိပ်ဝေငှ။

❖ စေတနာရှင် အေးရိပ်ငှ
ချွေးသိပ်စရာ့ သစ်ပင်တွေ။
မိုးရာသီ မြေစိုခိုက်
စိုက်ကြစို့လေ။
သစ်တောနဲ့ သစ်ပင်တွေ
အစွန့်ရှည် တည်တံ့ဖို့။
ပူနွေးတဲ့ ကမ္ဘာမြေ
ဥတုတွေ မှန်ကန်ဖို့။
ထာဝရ ကုသိုလ်မှု
ပြုကြပါစို့။ ။

**မောင်ယုလွင်(သပြေ)**

# ဒိုက်ဦးမြို့နယ်၌ ကျေးရွာလမ်းဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

ဒိုက်ဦး ဇွန် ၂၉

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိ ငွေဖြင့် ဦးဒေါင်းစုကျေးရွာ၌ ကျေးရွာ လမ်းဂဝံမြေခင်းခြင်းလုပ်ငန်းများဆောင် ရွက်ပြီးစီးနေမှုအခြေအနေများကို တာဝန် ရှိသူများက ဇွန်လ ၂၉ ရက် နံနက်ပိုင်း တွင် ကွင်းဆင်းစစ်ဆေးကြကြောင်း သိရ သည်။

ထိုသို့စစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာ ကော်မတီဝင်များနှင့်အတူ ဦးဒေါင်းစု ကျေးရွာ၌ကျေးရွာလမ်းဂဝံမြေခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုအခြေအနေ များကိုကြည့်ရှုစစ်ဆေးကြပြီး မြို့နယ် ဦးစီးမှူးက ဆောင်ရွက်ပြီး ကျေးရွာလမ်းအား အကျိုးရှိစွာအသုံးပြုကြရန် မှာကြားသည်။

ဒိုက်ဦးမြို့နယ်ဦးဒေါင်းစုကျေးရွာ၌ လမ်း အရှည် ၁၂၂၅ ပေ၊ လမ်းအကျယ် ၁၂ ပေ၊ လမ်းအမြင့် ၆ လက်မရှိသော ကျေးရွာ တွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိ ငွေမှ သုံးစွဲခွင့်ရှိသောငွေကျပ် ၁၅ သန်းဖြင့် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာကူညီပေးမှု၊ အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးမှုတို့ဖြင့်ကျေးရွာသူ၊ကျေးရွာ သားများကိုယ်တိုင် မေလ ၁၅ ရက်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရ သည်။

**ကိုညို(ကျေးလက်)**


## MWD Education, Knowledge & Sports Channel


၃၀-၆-၂၀၂၅(တနင်္လာနေ့)


| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၆ | Grade - 6 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၇:၀၃ | Grade - 6 | အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၇:၀၃ - ၁၈:၂၄ | Grade - 6 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၄။ | ၁၈:၂၄ - ၁၉:၃၅ | Grade - 6 | သမိုင်း၊ သိပ္ပံ |
| ၅။ | ၁၉:၃၅ - ၂၀:၂၇ | Grade - 3 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၆။ | ၂၀:၂၇ - ၂၁:၂၁ | Grade - 3 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |

# အထူးမိုးလေဝသသတင်း

## လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ဇူလိုင်လ ၅ ရက်အတွင်း နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးမည်




**နေပြည်တော် ဇွန် ၂၉**

ယနေ့ညနေ ၄ နာရီခွဲ အချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံအနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇူလိုင်လ ၅ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# လျှင်ဘေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဇွန် ၂၉**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက် တိုက်အမှတ် ၂၃၈၆၊ ၂၃၈၇ နှင့် ဥဒေနသိဒ္ဓိရပ်ကွက် တိုက်အမှတ် ၃၃၆၈၊ ၃၃၆၉ သို့သွားရောက်ပြီး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများကိုကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်ပြီးစီးအောင်ဆောင်ရွက်ရေး၊ စက်ယန္တရားများ တိုးမြှင့်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ ရာဇဌာနီလမ်းမကြီးနှင့် ရာဇသင်္ဂဟလမ်းမကြီးတို့သို့သွားရောက်ပြီး လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုအခြေအနေများကိုလည်းကောင်း၊ ဥပ္ပါတသန္တိစေတီတော်ကြီး၏ ရင်ပြင်တော်၊ ပစ္စယာနှင့် ပရိဝုဏ်များကို ပြန်လည် ပြုပြင်မွမ်းမံနေမှုအခြေအနေများ Cement grouting: Soil stabilization ဆောင်ရွက်နေမှုများ၊ မူလရင်ပြင်တော်ကြမ်းခင်းအား တူးထုတ်ပြင်ဆင်နေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများမှတင်ပြချက်များအပေါ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်ရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ရေရှည်ခိုင်ခံ့မှုရှိအောင်ဆောင်ရွက်ရေး၊ နည်းပညာပိုင်းဆိုင်ရာပြုပြင်မွမ်းမံရေး၊ လုပ်ငန်းများစနစ်တကျစီမံဆောင်ရွက်နိုင်ရေး တို့ကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်နှင့် ဥဒေနသိဒ္ဓိရပ်ကွက်သို့ သွားရောက်ပြီး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများအား ဖယ်ရှားရှင်းလင်း ဆောင်ရွက်နေမှုများနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ဥတ္တရသီရိရေလှောင်တမံသို့ သွားရောက်၍ ယာယီရေတားတမံ ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများအမြန်ပြီးစီးအောင်ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သိရသည်။ **အောင်သူရဦး(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် IMANE AMATEUR FUTSAL CUP 2025 ဖူဆယ်ပြိုင်ပွဲ ဆုချီးမြှင့်




**ရန်ကုန် ဇွန် ၂၉**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူအားကစားခန်းမ၌ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကစ်ဘောက်ဆင်(Kickboxing) အားကစားနည်းမှ အားကစားသမားများ လူရွေးချယ်ခြင်းနှင့် Asian Kickboxing Confederation (AKC) ဥက္ကဋ္ဌ Mr. Nasser Nassiri နှင့်နည်းပြတို့မှ အားကစားအထောက်အကူပြုပစ္စည်းများ၊ နည်းစနစ်ပိုင်းနှင့် နည်းပညာဆိုင်ရာအချက်အလက်များ ရှင်းလင်းဆွေးနွေးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) စားရိပ်သာ၌ သင်တန်းသား၊ သင်တန်းသူများအား နေ့လယ်စာကျွေးမွေးရန် ပြင်ဆင်ထားရှိမှုများနှင့် ISPE ဘောလုံးအသင်း နေ့လယ်စာစားသုံးနေမှုနှင့် သုဝဏ္ဏလူငယ်အားကစားလေ့ကျင့်ရေးစခန်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပနေသော အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် IMANE AMATEUR FUTSAL CUP 2025 ဖူဆယ်ပြိုင်ပွဲတွင် ULAD FC အသင်းနှင့် Kyal Sin Lin FC အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲအပြီးတွင်ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပပြီး ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက Imane Thailand မှ ပြိုင်ပွဲတွင် တာဝန်ယူခဲ့သော ဒိုင်လူကြီးများအား အမှတ်တရဆု၊ အသန့်ရှင်းဆုံးဆု၊ အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံးကစားသမားဆု၊ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် အသင်းနှင့် အားကစားသမားများကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

## ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၆-၂၀၂၅ ရက်နေ့ထုတ် မြဝတီသတင်းစာ စာမျက်နှာ-၁၅ ဒုတိယကော်လံ ဒုတိယစာကြောင်းတွင် ဖော်ပြပါရှိသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ဇနီးနှင့် Buryatia ပြည်နယ်**အကြီးအကဲ၏ဇနီး** အစား Buryatia ပြည်နယ်**ဒုတိယအကြီးအကဲ**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လျှော်ဘေးသင့် သံဃာတော်၊ သီလရှင်များအတွက် မန္တလေးယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း မြန်မာပြည်ဖွားတရုတ်မျိုးနွယ်စုနှင့် စေတနာရှင်များစုပေါင်း၍ ငွေကျပ် သိန်း ၆၀၀၀ ကျော်တန်ဖိုးရှိ ဆန်၊ ဆီနှင့် ကုလားပဲများ လှူဒါန်း

မန္တလေး ဇွန် ၂၉

မန္တလေးတိုင်းဒေသကြီး မြို့နယ်ခုနစ်မြို့နယ်ရှိ လျှော်ဘေးသင့် သံဃာတော်များနှင့် သီလရှင် စုစုပေါင်း ၁၁၁၀၀ ပါးအတွက် မန္တလေးယူနန် ဗုဒ္ဓဘာသာဘုရားကျောင်း၊ မြန်မာပြည်ဖွားတရုတ်မျိုးနွယ်စုနှင့် စေတနာရှင်များစုပေါင်း၍ ဆန်၊ ဆီ၊ ကုလားပဲများလှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ် မာန်အောင်ရတနာစေတီတော် ဝါခင်းကုန်းဘုရားရှိ သိန်းသန်းရတနာသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဒက္ခိဏာရာမ ဘုရားကြီးတိုက်ဓေ‌ာတိကာရုံအုဋ္ဌ်ကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝါသဝသီရိ အမှူးပြုပြီး ပင့်သံဃာတော် ၅၅ ပါးနှင့် သီလရှင် ၁၀ ပါးတို့ ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှကောင်စစ်ဝန်ချုပ် H.E. Ms. Gao Ping၊ မန္တလေးယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဥက္ကဋ္ဌနှင့်ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ဧည့်ပရိသတ်များက မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။



ထို့နောက် တက်ရောက်လာသူများက မြို့နယ်ခုနစ်မြို့နယ်ရှိ လျှော်ဘေးသင့် သံဃာတော်၊ သီလရှင်များအတွက် ဆန်၊ ဆီနှင့်ကုလားပဲ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ပင့်သံဃာတော်၅၅ ပါးအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ၊ သီလရှင် ၁၀ ပါးအား လှူဒါန်းငွေများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြပြီး မာန်အောင်ရတနာစေတီတော် ဝါခင်းကုန်းဘုရား ဘက်စုံပြုပြင်မွမ်းမံနိုင်ရန်အတွက် အလှူရှင်များက အလှူငွေများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

မြဝတီ

# တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြော

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ကြီးမှူး၍ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန်လ ၂၈ ရက်က တိုက်ကြီးမြို့နယ် အလဘုတ်ကျေးရွာ၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက အဖွင့်အမှာစကားပြောကြားပြီး တိုက်ကြီးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိုးဝင်းမောင်က တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးနှင့် မိသားစုဝင်ငွေတိုးပွားစေရေး ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးပြေဟိန်းနိုင်က တိုင်းရင်းသားဘာသာ သင်ကြားပေးနေသည့် ဆရာ၊ ဆရာမများ ခန့်ထားပေးနေမှုအခြေအနေများကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးသန်းထွဋ်အောင်က ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီနီဝင်းက သက်ကြီးရွယ်အိုများအား ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကိုလည်းကောင်း၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူဝင်းက တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့် ဥပဒေများကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

# စိုက်ပျိုးစွမ်းအားမြှင့်တင်ရေး တောင်သူအသိပညာပေး ဆွေးနွေးပွဲ ကွင်းဆင်းဆောင်ရွက်


မင်းဘူး ဇွန် ၂၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်၌ ဒေသတွင်း စိုက်ပျိုးစွမ်းအားမြှင့်တင်ရေး တောင်သူအသိပညာပေးဆွေးနွေးပွဲကို တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဇွန်လ ၂၈ ရက်က ရေပုတ်ကျေးရွာ ဓမ္မာရုံ၌ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ တောင်သူအသိပညာပေးဆွေးနွေးပွဲတွင် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သက်သက်မြင့်က သဘာဝဘေးအရ စိုက်ပျိုးသီးနှံများ ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းများကို ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီး မြေအသုံးချရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီတာဝင်းက မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝမြေဆွေးများပြုလုပ်သုံးစွဲရေး၊ သစ်စိမ်းမြေဩဇာများ ထည့်သွင်းစိုက်ပျိုးရေး၊ သီးနှံစိုက်ပျိုးရာတွင် သီးနှံများ၏သက်တမ်းအလိုက် လိုက်နာဆောင်ရွက်ရမည့်အချက်များကို အသိပညာပေးပြောကြားသည်။

ဆက်လက်၍ မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့တာဝန်ခံနှင့် မြေအသုံးချရေးတာဝန်ခံများက မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ စသည့်အကြောင်းအရာများကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး စိုက်ပျိုးရေးဆိုင်ရာ တောင်သူအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**




# ယခုဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းကို ကျေးရွာယူနစ်ပေါင်း ၅၆ ယူနစ် တိုးချဲ့ဆောင်ရွက်မည်

နေပြည်တော် ဇွန် ၂၉

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ယခုဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)ကို တိုင်းဒေသကြီးနှင့် ပြည်နယ်ငါးခု၌ ကျေးရွာယူနစ်ပေါင်း ၅၆ ယူနစ် တိုးချဲ့ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်း၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အထိ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုရှိ မြို့နယ်ပေါင်း ၁၀၈ မြို့နယ် ကျေးရွာပေါင်း ၁၅၀ ကျော်တွင် ဖော်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။

"ကျေးရွာတွေမှာ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းတွေကို ဖော်ဆောင်တဲ့အခါမှာ စီမံကိန်းကာလကို သုံးနှစ်သတ်မှတ်ထားပါတယ်။ စီမံကိန်းကာလ သုံးနှစ်ပြည့်တဲ့အခါ မူလမတည်ပေးထားတဲ့ငွေနဲ့ နောက်ထပ်တိုးပွားလာတဲ့အတိုးငွေကိုပေါင်းပြီးတော့ တခြားကျေးရွာတွေကို ပြောင်းလဲထောက်ပံ့ပေးပြီး ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်" ဟု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်ကပြောသည်။

ထိုသို့ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းကို ဖော်ဆောင်ရာတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အထိ ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ်သန်း ၄၄၁၀၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရခွင့်ပြုငွေ ငွေကျပ်သန်း ၂၁၀ စုစုပေါင်း ငွေကျပ် သန်း ၄၆၂၀ ကို အသုံးပြုကာ ကျေးရွာယူနစ်ပေါင်း ၁၅၄ ယူနစ်အား တစ်ယူနစ်လျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် ထောက်ပံ့ပေးထားကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်တွင် လျှော်ဘေးဒဏ်သင့်ဒေသများဖြစ်သော ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် နို့စားနွားမွေးမြူရေးဆောင်ရွက်နေသော ရန်ကုန်တိုင်းဒေသကြီးအပါအဝင် စုစုပေါင်း တိုင်းဒေသကြီးနှင့် ပြည်နယ်ငါးခု၌ ကျေးရွာယူနစ်ပေါင်း ၅၆ ယူနစ်ကို ထပ်မံတိုးချဲ့ဆောင်ရွက်မည်ဖြစ်ပြီး လက်ရှိတွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း ဆောင်ရွက်မည့်ကျေးရွာများကို သက်ဆိုင်ရာမှ စိစစ်ရွေးချယ်နေကြောင်း သိရသည်။

**ဆောင်းဦး**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
Baikal ရေကန်အား
ရဟတ်ယာဉ်ဖြင့်
လှည့်လည်ကြည့်ရှုလေ့လာစဉ်။

၁ ကျောဖုံးမှအဆက်

ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Baikal ရေကန်အတွင်း ရေယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါ Baikal ရေကန်သည် ရုရှားနိုင်ငံ၊ ဆိုက်ဘေးရီးယားဒေသ တောင်ပိုင်း Irkutsk Oblast နှင့် ဘူရားတီးရားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်တို့အကြားတွင် တည်ရှိကြောင်း၊ ကမ္ဘာပေါ်တွင် အနက်ဆုံးရေကန်တစ်ခုဖြစ်ပြီး အနက် ၁၆၄၂ မီတာ(၅၃၈၇ ပေ) ရှိကြောင်း၊ ထို့ပြင် လွန်ခဲ့သောနှစ်ပေါင်းသန်း ၃၀ ခန့်ကတည်းက တည်ရှိခဲ့သည့် ရှေးအကျဆုံး ရေချိုရေကန်တစ်ခုလည်းဖြစ်ကြောင်း၊ **UNESCO မှ ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် ၁၉၉၆ ခုနှစ်တွင် စာရင်းသွင်းခဲ့ပြီး ရှားပါးသောအပင်မျိုးစိတ် ၁၀၀၀ ခန့်နှင့် တိရစ္ဆာန်မျိုးစိတ်ပေါင်း ၂၅၀၀ ခန့်ရှိသည့် ရေကန်တစ်ခုဖြစ်**ကြောင်း၊ **လခြမ်းပုံရှည်လျားသည့် ပုံသဏ္ဌာန်ရှိပြီး သဘာဝ၏ အလှတရားနှင့် ထူးခြားသောအမွေအနှစ်တို့ဖြင့် ပြည့်နှက်လျက်ရှိသောရေကန်ဖြစ်**ကြောင်း သိရှိရသည်။





Baikal ရေကန်အား တွေ့ရစဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံသို့ ရောက်ရှိရာ စက်ရုံအကြီးအကဲ Zaborskikh Sergey Alexandrovich နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်းပြုပြင်ရေးလုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုလေ့လာကြပြီး ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် စက်ရုံအကြီးအကဲနှင့် တာဝန်ရှိသူများက Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံနှင့်ပတ်သက်၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နိုင်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ပေးနိုင်မှု၊ နိုင်ငံတကာနှင့် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။

အဆိုပါ Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံသည် ၁၉၃၄ ခုနှစ်တွင်စတင်တည်ထောင်ခဲ့သော စက်ရုံတစ်ရုံဖြစ်ကြောင်း၊ အဆိုပါစက်ရုံသည် ကမ္ဘာလုံးဆိုင်ရာ မီးရထားဆက်စပ်ပစ္စည်းများ ပြုပြင်ခြင်းနှင့် အပိုပစ္စည်းများထုတ်လုပ်ခြင်းဆိုင်ရာ အကြီးစားလုပ်ငန်းကုမ္ပဏီတစ်ခုဖြစ်သည့် Zheldorremmash ကုမ္ပဏီ၏ လက်အောက်ခံစက်ရုံတစ်ရုံဖြစ်ကြောင်း၊ စက်ရုံအနေဖြင့် မီးရထားစက်ခေါင်းပြုပြင်ခြင်းလုပ်ငန်း၊ စက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အပိုပစ္စည်းများ ထုတ်လုပ်ခြင်း



**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့်
ရထားတွဲပြုပြင်ရေး စက်ရုံအကြီးအကဲ Zaborskikh Sergey Alexandrovich နှင့်
တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံအကြီးအကဲ Zaborskikh Sergey Alexandrovich နှင့်တာဝန်ရှိသူများက Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံအကြီးအကဲ Zaborskikh Sergey Alexandrovich နှင့် တာဝန်ရှိသူများအား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။

လုပ်ငန်းဟူ၍ ၃ ပိုင်းခွဲကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အဆိုပါစက်ရုံမှ ပြုပြင်မွမ်းမံရေးဆိုင်ရာ နည်းပညာအသစ်များအား အဆင့်မြှင့်တင်ခြင်း၊ မီးရထားစက်ခေါင်းများ၏ပျမ်းမျှ မောင်းနှင်နိုင်မှုကို ပြုပြင်မွမ်းမံခြင်း၊ အာမခံဝန်ဆောင်မှုပေးခြင်းနှင့် မီးရထားစက်ခေါင်းများ သက်တမ်းတိုးခြင်းနှင့် မီးရထားစက်ခေါင်းအဆင့်မြှင့်တင်ခြင်းဆိုင်ရာလုပ်ငန်းများကိုလည်း ဝန်ဆောင်မှုပေးလျက်ရှိကြောင်းသိရှိရသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံအကြီးအကဲနှင့် တာဝန်ရှိသူများအား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ Ulan-Ude LVRZ



## ကြည့်ရှုလေ့လာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံတွင် ကြည့်ရှုလေ့လာစဉ်။



မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံကြည့်ရှုလေ့လာစဉ် Buryatia ပြည်နယ်မှ Arigus၊ ATV၊ Tivicom တို့ အပါအဝင် ဒေသခံမီဒီယာများကလည်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံတွင် ကြည့်ရှုလေ့လာစဉ် Buryatia ပြည်နယ်မှ Arigus၊ ATV၊ Tivicom တို့အပါအဝင် ဒေသခံမီဒီယာများက လာရောက်သတင်းရယူစဉ်။

လာရောက်သတင်းရယူခဲ့ကြသည်။

စက်ရုံအတွင်းလေ့လာမှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Buryatia ပြည်နယ်၊ ပြည်နယ်အကြီးအကဲတို့သည် အဆိုပါ မီဒီယာမှသိရှိလိုသည့် မြန်မာနိုင်ငံနှင့် Buryatia ပြည်နယ်အကြား ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု၊ စီးပွားရေး၊ ပညာရေး၊ စက်မှုနည်းပညာ၊ ခရီးသွားကဏ္ဍ စသည်တို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# High-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing visits Lake Baikal and Ulan-Ude LVRZ Locomotive and Carriage Repair Plant

NAY PYI TAW June 29

The high-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, who is on an official goodwill visit to the Republic of Buryatia, Russian Federation, visited Lake Baikal and Ulan-Ude LVRZ Locomotive and Carriage Repair Plant this morning.

First, the Senior General, accompanied by wife, Daw Kyu Kyu Hla and members of the delegation, and Head of Buryatia Mr. Aleksey Sambuyevich Tsydenov and officials, viewed the Lake Baikal from helicopter. The Senior General while having the bird's eye view of the lake heard a report on the salient points and conservation undertakings of the natural waterbody, presented by the head of Buryatia. The Senior General asked for more information.

Later, the Senior General and party sailed on the lake and had the lake's closer view.

Located in the area between Irkutsk Oblast in southern Siberia and Buryatia, Lake Baikal is the deepest inland waterbody in the world, with a maximum depth of 1,642 metres (5,387 feet). It is also the world's oldest lake at 30 million years. UNESCO declared Baikal a World Heritage Site in 1996. The lake hosts about 1,000 species of plants and 2,500 species of animals. Lake Baikal is a crescent-shaped lake known for its exceptional natural beauty and unique heritage.

The Senior General and party arrived at the Ulan-Ude LVRZ Locomotive and Carriage Repair Plant, and were welcomed by its head Zaborskikh Sergey Alexandrovich and officials. They observed the entire process of repair works, listened to the reports and inquired about the specific parts that needed detailed clarification.



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing listens about operations of LVRZ Locomotive and Carriage Repair Plant.



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing replies to local media including Arigus, ATV and Tivicom of Buryatia.

The head of the plant and officials expounded on maintenance undertakings, generation of job opportunities, international economic relations of the plant. The Senior General asked for more information.

Established in 1934, Ulan-Ude LVRZ Locomotive and Carriage Repair Plant is the largest plant of Zheldorremmash, the universal enterprise for repair of the rolling stock and production of spare parts. The plant is divided into three main productions – locomotive repair, and mechanical and auxiliary production. Ulan-Ude LVRZ performs development of new technologies of repair, upgrade of locomotives with life extension, warranty service, and upgrade of locomotives with life extension.

The Senior General presented commemorative gifts to the plant head and officials.




Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing presents gifts to Ulan-Ude LVRZ Locomotive and Carriage Repair Plant head Zaborskikh Sergey Alexandrovich.

While the Senior General and party were visiting the plant, local media including Arigus, ATV and Tivicom of Buryatia came and gathered information.

After the factory visit, the Senior General and the head of Buryatia met the press and gave answers to questions on further promotion of friendship and bilateral cooperation in economic, education, technological, and tourism sectors between Myanmar and Buryatia.

# Delegation led by Daw Kyu Kyu Hla, wife of SAC Chairman Prime Minister Senior General Min Aung Hlaing, visits Leo Bardamov Museum in Ulan-Ude, Buryatia, Russian Federation

NAY PYI TAW June 29

Daw Kyu Kyu Hla, the wife of Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, who is currently visiting Ulan-Ude in the Republic of Buryatia, Russian Federation, along with a delegation including Daw Nilar, the wife of the Joint Secretary of the SAC, members of the delegation, the wife of Myanmar's Ambassador to the Russian Federation, and other officials, visited the Leo Bardamov Museum this morning.

First, the delegation led by Daw Kyu Kyu Hla was welcomed by Ms. Evgenia Yurievna Ludupova, the Deputy Head of the Republic of Buryatia, and officials from the Leo Bardamov Museum.



Daw Kyu Kyu Hla, wife of SAC Chairman Prime Minister Senior General Min Aung Hlaing, exchanges a gift with an official of the Leo Bardamov Museum in Ulan-Ude, the Republic of Buryatia of the Russian Federation.



The delegation led by Daw Kyu Kyu Hla, wife of SAC Chairman Prime Minister Senior General Min Aung Hlaing, visits Leo Bardamov Museum in Ulan-Ude, the Republic of Buryatia of the Russian Federation.

Afterwards, Daw Kyu Kyu Hla and the delegation toured the museum, where officials provided explanations and guided them through the exhibits. Daw Kyu Kyu Hla inquired about details of interest and engaged in discussions.

Later, Daw Kyu Kyu Hla signed the guestbook of the Leo Bardamov Museum.

Following this, Daw Kyu Kyu Hla and the museum officials exchanged commemorative gifts.

The Leo Bardamov Museum, located in Ulan-Ude, showcases ancient Soviet cultural artifacts, historical records, and literature, as well as Buddhist historical relics, statues, and artworks by 20th-Century artists. The museum is open daily from 11:00 to 19:00 and features over 5,000 exhibits, including literary works, paintings, and traditional utensils. **100**

## State Administration Council
## Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

## Corrigendum

Please read **"the Deputy Head"** instead of **"the wife of the Head of the Republic of Buryatia"** in the 15th line of the fifth column on page 21 mentioned in the Myawady Daily newspaper issued on 29-6-2025.

# High-level Myanmar Delegation led by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing arrives back in Myanmar



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla are seen off at Baikal International Airport in Ulan-Ude Airport in Ulan-Ude in the Republic of Buryatia by the head of the Republic of Buryatia and his wife.

NAY PYI TAW June 29

The high-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, which attended the fourth Eurasian Economic Forum (EEF 2025) in Minsk, the Republic of Belarus and paid an official goodwill visit to the Republic of Buryatia of the Russian Federation, left Baikal International Airport in Ulan-Ude in the Republic of Buryatia for Myanmar by a special flight this afternoon.

The Senior General and wife and members of the delegation were seen off at the airport by Head of the Republic of Buryatia Mr. Aleksey Sambuyevich Tsydenov and officials, Myanmar Ambassador to the Russian Federation U Thit Lin Ohn, Myanmar Military Attache' (Army, Navy, Air) Brig-Gen Kyaw Soe Oo and officials.

The Senior General and wife were accompanied by SAC Joint Secretary General Ye Win Oo and wife and members of the delegation on the return flight.

During the goodwill visit to the Republic of Belarus, the Senior General attended the fourth Eurasian Economic Forum (EEF 2025) in Minsk, the Republic of Belarus, held exclusive talks with the Rotating Chairman of the EAEU President of the Republic of Belarus and the Chairman of the Eurasian Economic Council Board and toured factories and workshops, resulting in strengthening friendship and strategic cooperation in various sectors including economic and security sectors between the two governments and peoples and promotion of economic development among Eurasian Economic Union-EAEU.

During the visit to the Republic of Buryatia, the Senior General toured factories and workshops, strengthening cooperation in various sectors including friendship, economic, education, health, science and technology and industrial technology sectors.

The high-level delegation led by the Senior General arrived back at the Tatmadaw Airport in Nay Pyi Taw in the evening and was welcomed back by Vice Chairman of the SAC Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, SAC Secretary General Aung Lin Dway and his wife, members of the SAC, union ministers and senior military officers from the Office of the Commander-in-Chief and their wives, the ambassador of the Russian Federation to Myanmar and officials from the embassy and the office of the military attache'. **100**



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing is welcomed back by Vice Chairman of the SAC Deputy Prime Minister Vice-Senior General Soe Win and high ranking officials at the Tatmadaw Airport in Nay Pyi Taw.

# Authorities earmark cultivation of more than 900 acres of lablab bean in Pwintbyu Township

PWINTBYU June 29

A plan is underway to grow 981 acres of lablab bean in Pwintbyu Township of Magway Region this monsoon, according to Pwintbyu Township Agriculture Department.

In Pwintbyu Township, it is planned to cultivate 981 acres of lablab beans during this year's monsoon crop season. Planting will take place from June through September. At present, land preparation activities such as plowing and field preparation are underway to ensure timely sowing of the crops.

"This year, we have a plan to grow 981 acres of lablab beans in Pwintbyu Township during the monsoon season. At the moment, field preparation works are being carried out to ensure timely planting. We will supervise efforts to meet the targeted acreage," said Daw Moe Moe Wai, Head of the Pwintbyu Township Department of Agriculture.

It is also learned that the Department of Agriculture will support local farmers in Pwintbyu Township who are growing lablab beans this monsoon season by expanding the cultivated area, improving yields, promoting cultivation using GAP (Good Agricultural Practices), and encouraging the use of high-yielding and regionally suitable quality seeds. Efforts will also be made to control pests and diseases, and ensure the adoption of appropriate post-harvest technologies through agricultural awareness and education programmes.

If lablab beans can be cultivated to achieve high yields, not only will domestic consumption be sufficiently met, but the surplus can also be exported, generating income and contributing to the socio-economic development of the community.

Therefore, Daw Moe Moe Wai emphasized that efforts should be made to expand lablab bean cultivation in all suitable areas.

**SK**

# Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and Head of Buryatia Mr. Aleksey Sambuyevich Tsydenov answer questions of the local media including Arigus, ATV and Tivicom



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and Head of Buryatia Mr. Aleksey Sambuyevich Tsydenov answer questions of the local media including Arigus, ATV and Tivicom.

**Q:** Recent years saw a lot of activities in Russian-Myanmar cooperation. Especially in the cultural and other multi-sectors. These activities also encompass cooperation with Buryatia. What is the future cooperation program between Buryatia and Myanmar?

**Senior General:** Today I visited a locomotive and carriage repair plant, and earlier, I was at the airplane assembling plant, and the two are included in the potential areas of bilateral cooperation. In addition, Buryatia has people of the Buddhist Faith. As Myanmar is a Buddhist country, we two have prospects for religious cooperation. There are also the health issues and the Prime Minister's overture for educational programs. So, there may be cooperation in the education sector. And then, we will have talks on agricultural undertakings. I would say that we have a wide range of areas and actions.

**Q:** Mr. Prime Minister, as you are visiting Buryatia, what is Your Excellency's view of Buryatia? Anything to say about the beauty and cleanliness of the land?

**Senior General:** It's a great pleasure as the land is indeed serene and beautiful. I feel like I was in an environment that is close to Myanmar. I have been to this place three times, and every time I visited, I felt like I was coming to my native land. I will try to visit the place more.

**Q:** As the head of the Buryatia Republic, how do you feel about the friendly visit of the Prime Minister from Myanmar? Additionally, please share your thoughts on cooperation with Myanmar.

**Head of Buryatia:** I am deeply honoured and delighted that this is the third visit from Myanmar. These repeated visits demonstrate how much our republic is valued. We look forward to implementing many cooperative initiatives between our republic and Myanmar. In recent years, our Rapid Bio pharmaceutical company has been working on registering to export our pharmaceutical technology to Myanmar. Additionally, helicopters manufactured in Ulan-Ude have been used in Myanmar for many years and continue to be utilized. We are planning further collaborations in transportation, particularly related to helicopters. Today, TMH Holding also presented their products and discussed their operations. We are planning discussions for future collaborations in these areas. In terms of educational cooperation, we aim to provide advanced training in Buryatia for teachers from Myanmar studying the Russian language. We are also working to establish a Myanmar language department at our university in Buryatia to teach the Myanmar language. Today, I personally guided our distinguished guests from Myanmar around the lake. Last December, I led a delegation to Myanmar, where we were warmly welcomed. I want to emphasize that not only I but the entire delegation experienced the beauty and culture of Myanmar. Therefore, we are planning to promote tourism exchanges between our two nations.

**Senior General:** I invite your media teams to visit Myanmar and explore the country. The head of your republic has provided a general overview, but when you visit, you will experience even more profound connections and impressions. I am confident that we will soon see your faces in Myanmar.

**100**

# Plan underway to plant more than 45,000 acres of green gram in Sagaing Township

SAGAING June 29

Sagaing Township of Sagaing Region will grow 45,000 acres of monsoon green gram this year, according to the township agriculture department.

During the 2024–2025 monsoon cropping season, it has been planned to cultivate 45,194 acres of monsoon green gram in the Sagaing Township. Planting will begin in June of this year and continue through September.

"This year, over 45,000 acres of monsoon green gram are planned to be cultivated in Sagaing Township. We will work to ensure the full targeted acreage is achieved. There are also awareness programs in place to encourage expansion of cultivation and to promote the use of quality and pure seeds to achieve good yields," said U Myo Thant Aung, Head of the Sagaing Township Agriculture Department.

This year, the township agriculture department will support green gram farmers in Sagaing Township by providing knowledge on using region-appropriate, high-quality seeds, proper cultivation methods, pest and disease prevention, systematic use of fertilizers, and techniques to ensure high productivity.

Additionally, during this monsoon season, for all types of pulse crops, the department will collaborate with farmers to promote the use of quality and pure seeds, improved inputs, and post-harvest technologies in order to enhance both yield and quality of the crops.

**SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ဟသ်ာတမြို့နယ်၌ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကြည့်ရှုအားပေး



**ပုသိမ် ဇွန် ၂၉**

တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်းတို့သည်ယနေ့နံနက်ပိုင်းတွင် ဟသ်ာတမြို့နယ်အတွင်း တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ဟသ်ာတမြို့နယ် နိဗ္ဗာန်ကျေးရွာအုပ်စု ဦးဖိုးကျားစာကြည့်တိုက်သို့ ရောက်ရှိကာ စာကြည့်တိုက်အတွင်း စာပေလေ့လာဖတ်ရှုနေသည့်ကျောင်းသားကျောင်းသူများကို အားပေးစကားပြောကြားပြီး စာကြည့်တိုက်ကြီးကြပ်မှု ကော်မတီဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတစ်ဝန်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် အမျိုးသားပညာဝန် ဆရာကြီး ဦးဖိုးကျားနှင့် ဦးသန့်တို့ကဲ့သို့ အထင်ကရပုဂ္ဂိုလ်များအား ဂုဏ်ပြုဖွင့်လှစ်ထားသည့် စာကြည့်တိုက်များရှိရာ စာကြည့်တိုက်များတွင် လူငယ်များအား စာအုပ်စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းများဖြင့် အနာဂတ်လူချွန်လူမွန်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြပါရန် မေတ္တာရပ်ခံကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုကလှူဒါန်းသည့် မှန်နန်းရာဇဝင်စာအုပ်များ၊ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေကျပ် ၁၀ သိန်း၊ လူထုသိပ္ပံကျမ်းများနှင့် သုတ၊ ရသ စာအုပ်များအား လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က အလှူငွေ ကျပ် ၁၀ သိန်းအားလည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က MRTV DTH စလောင်းသုံးစုံအား လည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီ အတွင်းရေးမှူး ဦးလှမြိုင်နှင့် စာကြည့်တိုက်မှူး ဒေါ်နွဲ့နွဲ့မူတို့က လက်ခံရယူသည်။

ထို့နောက် ဟသ်ာတမြို့နယ် နတ်မော်ကျေးရွာအုပ်စု ကရင်စုကျေးရွာတွင် ကျင်းပသည့် မျိုးစေ့ချကိရိယာ (Drum Seeder)၊ မျိုးစေ့ထုတ်တောင်သူများသို့ မျိုးစပါး(R.S) မျိုးစေ့ပေးအပ်ပွဲနှင့် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)ထယ်ထိုးထည့်သွင်းခြင်း အခမ်းအနားကို တက်ရောက်ကာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က စပါးမျိုးစေ့နှင့် မျိုးစေ့ချကိရိယာ (Drum Seeder)များအား လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က MRTV DTH စလောင်း တစ်စုံအားလည်းကောင်း ကျေးရွာများအလိုက် ပေးအပ်ကြပြီး မိုးစပါးရာသီတွင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ထယ်ထိုးထည့်သွင်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဟသ်ာတခရိုင် ဖောင်ဆိပ်ကျေးရွာ၌ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ကျင်းပသော ရေဘေးကာကွယ်ရေးသရုပ်ပြပွဲနှင့် မီးသတ်ဦးစီးဌာနကကျင်းပသော ရေပြင်အသက်ကယ်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနားတို့ကို တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အရေးပေါ် အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုအစီအစဉ် အရ လွှင့်ထုတ်ရမည့် သတိပေးအချက်ပြအသံများအား လည်းကောင်း၊ MRTV DTH စလောင်းသုံးစုံနှင့် DVB T2 Set Top Box အလုံး ၂၀၀ အားလည်းကောင်း ပေးအပ်ပြီး သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းများ ဖော်ဆောင်ရေး လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ရေဘေးကာကွယ်ရေးသရုပ်ပြပွဲနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းအစီအစဉ်များကို ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

မြဝတီ

# တရုတ် - မြန်မာ သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် ဂုဏ်ပြုအထိမ်းအမှတ်နှင့် လူငယ်ပဒေသာအနုပညာဖျော်ဖြေရေးပွဲတော် ကျင်းပ

**ရန်ကုန် ဇွန် ၂၉**

တရုတ် - မြန်မာ သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် ဂုဏ်ပြုအထိမ်းအမှတ် လူငယ်ပဒေသာ အနုပညာဖျော်ဖြေရေးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် အမျိုးသား ဇာတ်ရုံ (ရန်ကုန်)၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နန်းမြဲ၊ တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ရန်ကုန်-တရုတ်ယဉ်ကျေးမှုစင်တာ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်)၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ တရုတ်-မြန်မာစီးပွားရေး ပူးပေါင်းဆောင်ရွက်ခြင်းနှင့်ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးအသင်းနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ LEHUA INTERNATIONAL EDUCATION CENTER မှ ELECTRIC DRAM တီးခတ်၍ Remix တရုတ်သီချင်းဖြင့်လည်းကောင်း၊ အနုပညာအထက်တန်းကျောင်း(ရန်ကုန်)မှ စံတော်ချိန်နှစ်ပါးသွားအကဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှသံမှူးကြီး Ms. Cao Jing က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက မြန်မာ့သမိုင်းတစ်လျှောက်တွင် တရုတ်နိုင်ငံအနေဖြင့် မိတ်ဖက်အဖြစ် ထောက်ခံမှုများပြုလုပ်ပေးခဲ့ပြီး စီးပွားရေး၊ နည်းပညာ၊ ယဉ်ကျေးမှု၊ လူငယ်ချင်းဖလှယ်မှု အစရှိသည့် ကဏ္ဍများတွင် ဦးဆောင်ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ အနုပညာဖျော်ဖြေပွဲများနှင့် လူငယ်ဖလှယ်ရေး အစီအစဉ်များသည် နှစ်နိုင်ငံတွင်ရှိကြသည့် နိုင်ငံသား အချင်းချင်းနားလည်မှုကို တိုးမြှင့်စေခဲ့ကြောင်း ပြောကြားသည်။

ယင်းနောက် အနုပညာအထက်တန်းကျောင်း (ရန်ကုန်)၊ Brain Works-Total School, Bowen School, Eastern Language and Business Centre (ELBC),Golden Education Sharing Centre (GESC), Lehua International Education Center, Myanmar International Education Center (MIEC) တို့မှ ကျောင်းသား၊ ကျောင်းသူများက ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# 40th Junior Golf Myanmar Championship ပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ




**ရန်ကုန် ဇွန် ၂၉**

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှကြီးမှူး၍ Junior Golf Myanmar (JGM)၏ အကြိမ် ၄၀ မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့နှင့်ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကလပ်(တည်းကုန်း)၌ ယနေ့နံနက်ပိုင်းတွင်ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ Junior Golf Myanmar (JGM) မှ အမှုဆောင်များ၊ ရန်ကုန်ဂေါက်ကလပ်(တည်းကုန်း)မှ အမှုဆောင်များ၊ အားကစားသမားများ၏မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ Junior Golf Myanmar (JGM) အတွင်းရေးမှူး ဦးကျော်မင်းမင်းလတ်က အသက် ၁၂ နှစ်အောက်(အမျိုးသား) သက်တမ်းတွင် တတိယဆုရရှိသော ကောင်းခန့်ဇော်၊ ဒုတိယဆုရရှိသော အောင်စိုးထွန်း၊ ပထမဆုရရှိသော ငွေဖုန်းသိမ်တို့အားလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်မြင့်မြင့်သန်းကအသက် ၁၈ နှစ်အောက်(အမျိုးသမီး)သက်တမ်းတွင် တတိယဆုရရှိသော CHOI HUI၊ ဒုတိယဆုရရှိသော နန်းဆိုင်အွမ်ငင်း၊ ပထမဆုရရှိသော ဆုနှင်းဖြူတို့အားလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးအိုက်ပန်းက အသက် ၁၄ နှစ်အောက် (အမျိုးသား) သက်တမ်းတွင် တတိယဆုရရှိသော လင်းထက်ညီ၊ ဒုတိယဆုရရှိသော နိုင်ဦးကို၊ ပထမဆုရရှိသော ကျော်သံလွင်ဟိန်းတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။


ဆက်လက်ပြီး မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဦးကိုကိုအေးက ၁၈နှစ်အောက်(အမျိုးသား) သက်တမ်းတွင် တတိယဆုရရှိသောကောင်းထက်၊ ဒုတိယဆုရရှိသော Locadio K၊ ပထမဆုရရှိသော မင်းခန့်သော်တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

40th Junior Golf Myanmar Championship ဂေါက်သီးရိုက်ပြိုင်ပွဲအား ရန်ကုန်ဂေါက်ကလပ်(တည်းကုန်း) တွင် ၂၀၂၅ ခုနှစ် ဇွန်လ ၂၇ ရက်မှ ၂၉ ရက်အထိ သုံးရက်တာ ကျင်းပခဲ့ကြောင်းသိရသည်။

မြဝတီ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရန်သူ့လျှပ်စစ်ဓာတ်အားများကို ပြတ်တောက်သွားစေမယ့် တရုတ်ရဲ့ဂရပ်ဖိုက်ဗုံး



လျှပ်စစ်စွမ်းအင်ဆိုတာ ယနေ့လူသားများရဲ့ နေ့စဉ်ဘဝမှာမရှိမဖြစ်လိုအပ်ချက်ဖြစ်လာပြီဆိုတဲ့အချက်ကို ဘယ်သူမှငြင်းနိုင်မယ်မထင်ပါဘူး။ ဒီလိုမျိုး လျှပ်စစ်ဓာတ်အားရဲ့ အရေးပါမှုက အရပ်ဘက်မှာသာမက စစ်ဘက်မှာပါ နေရာယူလာတာဖြစ်ပါတယ်။ လက်ရှိအသုံးပြုနေကြတဲ့စစ်လက်နက်ပစ္စည်းများက လျှပ်စစ်စွမ်းအင်မဖြစ်မနေလိုအပ်လာပါတယ်။ အထူးသဖြင့် ရေဒါတို့၊ လေကြောင်းရန်ကာကွယ်ရေးစနစ်တို့ပေါ့။

ဒါကြောင့် ဒီလိုမျိုးလိုအပ်လှတဲ့လျှပ်စစ်စွမ်းအင်ကို ရှေ့တန်းနေရာများမှာပါ အသုံးပြုနိုင်စေဖို့အတွက် စက်မှုနည်းပညာဖွံ့ဖြိုးတဲ့နိုင်ငံများက နျူကလီးယားဓာတ်ပေါင်းဖိုအသေးစားများကိုတီထွင်ပြီး ရှေ့တန်းမှာလျှပ်စစ်မီးပေးနိုင်ဖို့ လုပ်ဆောင်လာနေကြတာတွေ့ရပါတယ်။ အကယ်၍များ လျှပ်စစ်ဓာတ်အားမရှိဘူးဆိုရင် ခေတ်သစ်စစ်လက်နက်ပစ္စည်းများဟာ ဘယ်လိုမှအသုံးမဝင်တဲ့ အရုပ်သာသာဖြစ်သွားမှာ အမှန်ပါပဲ။

ဒီလိုဖြစ်လာစေဖို့ကိုလည်း နိုင်ငံများကလိုလားကြမှာပါ။ ဒါကြောင့် လျှပ်စစ်ဓာတ်အားကိုဘယ်လိုလက်နက်နဲ့ ဖြတ်တောက်နိုင်မလဲဆိုတာနဲ့ပတ်သက်ပြီး ရှာဖွေလေ့လာမှုတွေလုပ်ခဲ့တဲ့အခါ ဂရပ်ဖိုက်ဗုံးဆိုတာကိုသွားတွေ့ပါတယ်။ ဂရပ်ဖိုက်ဗုံးဆိုတာက လူ့အသက်များကိုသေစေတဲ့ ဗုံးအမျိုးအစားမဟုတ်ပါဘူး။ လျှပ်စစ်ဓာတ်အားလိုင်းများမှာ လျှပ်စစ်ပြတ်တောက်မှုကိုသာဖြစ်စေမယ့်လက်နက်ဖြစ်ပါတယ်။ ဒီလက်နက်ကို တဖြည်းဖြည်းနဲ့အဆင့်မြှင့်တင်နိုင်ဖို့ကိုလည်း နိုင်ငံကြီးများက ကြိုးပမ်းလာကြတာကို တွေ့ရပါတယ်။


မကြာသေးမီက တရုတ်နိုင်ငံပိုင်သတင်းဌာနတစ်ခုကနေ ထုတ်ဖော်ပြသလိုက်တဲ့ဗီဒီယိုတစ်ခုမှာ ဂရပ်ဖိုက်ဗုံးအမျိုးအစားအသစ်လို့ထင်ရတဲ့အရာတစ်ခုကိုထည့်သွင်းဖော်ပြသွားတာတွေ့ရပါတယ်။ အဲဒီဂရပ်ဖိုက်ဗုံးအမျိုးအစားအသစ်က ရန်သူ့ဓာတ်အားပေးစက်ရုံများကိုအမှောင်ဖုံးစေပြီး သတ်မှတ်ထားတဲ့နယ်မြေတစ်ခုအတွင်းမှာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကိုဖြစ်စေမှာဖြစ်တယ်လို့ အဲဒီသတင်းဌာနကဆက်လက်ဖော်ပြထားပါတယ်။

CCTV သတင်းဌာနကဖော်ပြထားတဲ့ အဲဒီဗီဒီယိုက အန်နီမေးရှင်းဗီဒီယိုဖြစ်ပြီး မြေပြင်အခြေပြုယာဉ်ကနေ လက်နက်တစ်ခုကို ပစ်လွှတ်လိုက်တာတွေ့ရပါတယ်။ ပြီးတဲ့အခါ အဲဒီလက်နက်က ထုလုံးပုံခဲယမ်း ၉၀ ကိုထပ်မံထုတ်လွှတ်လိုက်တာဖြစ်ပါတယ်။

သူ့ရဲ့စွမ်းဆောင်ရည်ကတော့ အနည်းဆုံးစတုရန်းမီတာ ၁၀၀၀၀ ရှိတဲ့နယ်မြေတစ်ခုလုံးကို လျှပ်စစ်ဓာတ်အားပြတ်တောက်စေနိုင်ပါတယ်။ အဓိကအားဖြင့် ရန်သူ့ကွပ်ကဲမှုနဲ့ထိန်းချုပ်မှုစနစ်များကို ပစ်မှတ်ထားမှာ ဖြစ်တယ်လို့သိရပါတယ်။ **Ref: IE**

**ကိုထက်**

# ဒရုန်းများအတွက်အိပ်မက်ဆိုးဖြစ်လာမယ့် ပြင်သစ်ရဲ့လေကြောင်းရန်ကာကွယ်ရေးလက်နက်



ပြင်သစ်နိုင်ငံရှိ ကမ္ဘာကျော်စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီများဖြစ်တဲ့ Thales နဲ့ KNDS France တို့ပူးပေါင်းပြီး အဆင့်မြင့်လှတဲ့ မြေပြင်အခြေပြု လေကြောင်းရန်ကာကွယ်ရေးစနစ်တစ်ခုကိုထုတ်ဖော်ပြသလိုက်ပါတယ်။ သူ့ရဲ့နာမည်ကိုတော့ Rapidfire Land လို့ပေးထားပါတယ်။

ယနေ့ခေတ်စစ်မြေပြင်ဟာ သမားရိုးကျစစ်ပွဲကနေ ဒရုန်းစစ်ပွဲကိုပြောင်းလဲလာတာ အချိန်ကာလတစ်ခုကြာမြင့်နေပါပြီ။ ဒုံးကျည်များနဲ့လေယာဉ်များကိုပစ်ချနိုင်ရေးအတွက် လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များကို အသုံးပြုနိုင်ပါတယ်။ ဒါပေမဲ့ ဒရုန်းနဲ့တိုက်ခိုက်မှု အထူးသဖြင့် အသေးခံဒရုန်းတွေနဲ့တိုက်ခိုက်မှုကိုတော့ အဲဒီလေကြောင်းရန်ဒုံးကျည်တွေက ကြားဖြတ်နိုင်စွမ်းမရှိခဲ့ပါဘူး။ ကြားဖြတ်နိုင်စွမ်းမရှိသလို ဒရုန်းတစ်စင်းရဲ့တန်ဖိုးနဲ့ ဒုံးကျည်တစ်စင်းရဲ့တန်ဖိုးကလည်း မိုးနဲ့မြေဆိုသလို အင်မတန်မှကွာဟလွန်းပါတယ်။ ဒီအတွက်ကြောင့်ပဲ ဒရုန်းများဟာ စစ်မြေပြင်မှာမင်းမူလာနေနိုင်တာဖြစ်ပါတယ်။

အခုတော့ ဒီလိုမျိုးမင်းမူနေတဲ့ ဒရုန်းတွေအတွက် အိပ်မက်ဆိုးဖြစ်လာမယ့် အဆင့်မြင့်လှတဲ့လက်နက်စနစ်တစ်မျိုးအဖြစ် Thales နဲ့ KNDS France တို့က Rapidfire Land ကိုတီထွင်လိုက်တာပါ။ အဓိကအားဖြင့် သူ့ကိုတန်ဖိုးကြီးလှတဲ့စစ်ဘက်ဆိုင်ရာအဆောက်အအုံများကိုကာကွယ်ရေးမှာအသုံးပြုနိုင်ပါတယ်။ Rapidfire Land ကို ဒရုန်းကာကွယ်ရေးမှာအသုံးပြုဖို့ အဓိကထားတယ်ဆိုပေမယ့် အပေါ်စီးလေယာဉ်များ၊ ရဟတ်ယာဉ်များနဲ့ ဒုံးကျည်များ၊ ဒုံးသီးများကိုလည်း ပစ်ချနိုင်တယ်လို့ဆိုပါတယ်။

သူ့မှာအဓိကပါဝင်တဲ့စနစ်က အဝေးကြည့်မှန်ပြောင်းတပ် ၄၀ မီလီမီတာစက်အမြောက်ပါ။ အသင့်ဖြည့်ပြီးသားကျည်အတောင့်ရေ ၁၄၀ ပါဝင်ပါတယ်။ ဒါကြောင့် နောက်တစ်ကြိမ်ကျည်မဖြည့်နိုင်ခင်မှာဘဲ များပြားလှစွာသောပစ်မှတ်များကို ကြားဖြတ်ပစ်ချလိုက်နိုင်မှာပါ။ နောက်ပိုင်းကျရင် သူ့အတွက်ကျည်ဆန်က A3B အမျိုးအစားလေကွဲကျည်များဖြစ်လာမှာဖြစ်ပါတယ်။ လေကွဲကျည်ဆိုတဲ့အတိုင်း ပစ်မှတ်ကိုထိမှန်ခြင်းမပြုမီမှာပင် ပေါက်ကွဲသွားမှာဖြစ်ပြီး ထွက်ပေါ်လာတဲ့အစတွေက မြင့်မားလှတဲ့အမြန်နှုန်းနဲ့ပျံသန်းလာတဲ့ပစ်မှတ်များကိုပင် ကြားဖြတ်လိုက်နိုင်စေမှာဖြစ်ပါတယ်။

Rapidfire Land က ပစ်ခတ်ရေးစနစ်တစ်ခုသာမဟုတ်ပါဘူး။ ပစ်ခတ်မှုတစ်ခုလုပ်ဆောင်ပြီးတိုင်း ပစ်မှတ်ရဲ့တည်နေရာကို ပြန်လည်ထောက်လှမ်းခြင်းလုပ်ဆောင်နိုင်တဲ့ အဆင့်မြင့်ပစ်ခတ်မှုထိန်းချုပ်ရေးစနစ်တစ်ခုလည်းဖြစ်ပါတယ်။ ဒါကြောင့် ၄ ကီလိုမီတာအကွာအဝေးအတွင်းမှာ တိကျမှုမြင့်မားတဲ့ကာကွယ်ရေးစွမ်းရည်ကို ပေးစွမ်းနိုင်စေမှာဖြစ်တယ်လို့ဆိုပါတယ်။ **Ref: IE**

**ကိုထက်**

# ဥရောပတောင်ပိုင်း၌ အပူလှိုင်းများပြင်းထန်စွာမြင့်တက်နေ တောမီးလောင်နိုင်ခြေသတိပေးချက်ထုတ်ပြန်ထားရ



**ရောမ၊ ရာသီဥတု**

ဥရောပတောင်ပိုင်းဒေသတစ်ဝန်းတွင် အပူလှိုင်းများသည် ပြင်းထန်စွာမြင့်မားလာနေကြောင်း၊ အီတလီ၊ စပိန်နှင့် ဂရိတို့ အပါအဝင် နိုင်ငံအများအပြား၌ နေ့အပူချိန်များသည် ၄၀ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်နေကြောင်းနှင့် တာဝန်ရှိသူများက တောမီးလောင်နိုင်ခြေနှင့်ပတ်သက်၍ သတိပေးချက်များထုတ်ပြန်ထားကြောင်း သိရသည်။

ယခုကဲ့သို့ အပူချိန်မြင့်တက်လာခြင်းသည် ရာသီဥတုပြောင်းလဲမှုနှင့်ဆက်စပ်နေကြောင်း၊ အဆိုပါပြင်းထန်သောရာသီဥတုဖြစ်စဉ်များသည် ဥရောပတောင်ပိုင်းဒေသတစ်ဝန်း၌ ပိုမိုဖြစ်ပွားလာနိုင်မည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက သတိပေးထားသည်။

အလားတူ ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့၌ အပူချိန်သည် ၄၂ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်နိုင်ကာ နိုင်ငံ၏နယ်မြေသုံးပုံနှစ်ပုံသည် ဇွန်လ ၂၉ ရက်တွင် မြင့်မားသည့် အပူချိန်ကိုခံစားရပြီး တောမီးလောင်နိုင်ခြေလည်းရှိကြောင်း တာဝန်ရှိသူများက သတိပေးထားသည်။

တစ်ချိန်တည်းမှာပင် အီတလီကျန်းမာရေးဝန်ကြီးဌာနသည် ရောမ၊ မီလန်နှင့် နေပယ်တို့ကဲ့သို့ ခရီးသွားများအများဆုံးလာရောက်ရာမြို့များအပါအဝင် စောင့်ကြည့်ခံရသည့်မြို့ပေါင်း ၂၇ မြို့အနက် ၂၁ မြို့အတွက် အပူချိန်မြင့်တက်မှုအမြင့်ဆုံးသတိပေးချက်ထုတ်ပြန်ထားသည်။

ထို့အတူ ဂရိနိုင်ငံ အေသင်မြို့တောင်ပိုင်း၌ သီတင်းပတ်အကုန်တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားရာ ပိုဆိုက်ဒန်ဘုရားကျောင်းအနီး၌ လမ်းများကိုပိတ်ပြီး ကယ်ဆယ်ရေးလုပ်ရသည်အထိဖြစ်သည်။အဆိုပါတောမီးကို မီးသတ်တပ်ဖွဲ့ဝင် ၁၃၀ ဖြင့်ငြိမ်းသတ်ခဲ့ရကြောင်းသိရသည်။

Ref: ABC

# ဟိမာချယ်ပရာဒေ့ရှ်၌ မုတ်သုံမိုးကြောင့် လူ ၃၄ ဦးသေဆုံးထား

**နယူးဒေလီ၊ ရာသီဥတု**

အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ ဟိမာချယ်ပရာဒေ့ရှ်ပြည်နယ်၌ ပြီးခဲ့သည့်ကိုးရက်အတွင်း မုတ်သုံမိုးရွာသွန်းမှုနှင့်ဆက်စပ်၍ အနည်းဆုံးလူ ၃၄ ဦးသေဆုံးပြီး လေးဦးပျောက်ဆုံးကာ ၇၄ ဦး ဒဏ်ရာရရှိထားကြောင်း တာဝန်ရှိသူများက ဇွန်လ ၂၉ ရက်တွင်ပြောသည်။

ထိုသို့သော ရက်အနည်းငယ်အတွင်း ပြင်းထန်သောရာသီဥတုနှင့်ဆက်စပ်ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှုများမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၃၂ သန်းအထိရှိမည်ဟု ခန့်မှန်းရကြောင်း ပြည်နယ်အရေးပေါ်လုပ်ငန်းအဖွဲ့၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။



မိုးသည်းထန်စွာရွာသွန်းသည့်အတွက် ပြည်နယ်အတွင်းရှိ မြစ်များ၊ ချောင်းများတွင် ရေအမှတ်များမြင့်တက်လျက်ရှိပြီး မိုးရွာသွန်းမှုနှင့်အတူဖြစ်ပွားသော မြေပြိုမှုများကြောင့် လမ်းပေါင်း ၄၀ နီးပါးမှာ ပိတ်ဆို့လျက်ရှိကြောင်း တာဝန်ရှိသူများ၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့ပြင် လာမည့်နှစ်ရက်အတွင်း မိုးရွာသွန်းမှုအခြေအနေသည် ပုံမှန်သည်းထန်မှုထက် အလွန်သည်းထန်လာနိုင်သောကြောင့် မိုးလေဝသဌာနက လိမ္မော်ရောင်အဆင့်သတိပေးချက်ကို ထုတ်ပြန်ထားကြောင်းသိရသည်။

Ref: Xinhua

# ကမ္ဘောဒီးယားသားအမိနှစ်ဦး H5N1 ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ခံရ

**ဖနွမ်းပင်၊ ကျန်းမာရေး**

ကမ္ဘောဒီးယားနိုင်ငံ၌ သားအမိနှစ်ဦးသည် H5N1 ကြက်ငှက်တုပ်ကွေးရောဂါပိုးကူးစက်ခံရသောကြောင့် နိုင်ငံအတွင်း ထိုရောဂါကူးစက်ခံရသူ ၁၀ ဦးအထိရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဇွန်လ ၂၉ ရက်တွင်ထုတ်ပြန်သည်။

နိုင်ငံအနောက်မြောက်ပိုင်း ဆီရမ်ရိပ်ပြည်နယ်မှအသက် ၄၆ နှစ်ရှိ မိခင်ဖြစ်သူနှင့် အသက် ၁၆ နှစ်ရှိ သားဖြစ်သူတို့သည် ထိုရောဂါပိုးကူးစက်ခံရခြင်းဖြစ်ကြောင်း၊ ၎င်းတို့နေထိုင်ရာနေရာနှင့်အနီးပတ်ဝန်းကျင်တွင်လည်း နာမကျန်းဖြစ်နေသည့်အပြင် သေဆုံးနေသည့်ကြက်များလည်းရှိကြောင်း၊ ရောဂါပိုးကူးစက်ခံရသူများသည် ထိုကြက်အသေများနှင့်ထိတွေ့မှုရှိကြောင်း လေ့လာစစ်ဆေးချက်များအရ တွေ့ရှိရသည်ဟု ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ယခုအခါ တာဝန်ရှိသူများသည် လူများတွင်ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် လိုအပ်သည်များကိုစောင့်ကြည့်စစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း သိရသည်။

Ref: Xinhua

## သတင်းတိုကဏ္ဍ

# အနောက်အုပ်စုအနေဖြင့် ရုရှားအပေါ်မည်သည့်အခါမျှ အနိုင်ရမည်မဟုတ်ဟု လက်ရော့ပြော

အနောက်အုပ်စုအနေဖြင့် ရုရှားနိုင်ငံအပေါ် မည်သည့်အခါမျှအနိုင်ရရှိမည်မဟုတ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့က ကာဂျစ်စတန်နိုင်ငံခြားရေးဝန်ကြီးနှင့် ဇွန်လ ၂၉ ရက်တွင်တွေ့ဆုံစဉ်ပြောသည်။

ထို့ပြင် NATO အုပ်စုနှင့် ဥရောပသမဂ္ဂတို့သည် ရုရှားနိုင်ငံကိုတိုက်ခိုက်နိုင်ရေးအတွက် ယူကရိန်းပဋိပက္ခကို လက်နက်တစ်ခုအနေဖြင့် အသုံးချနေခြင်းဖြစ်သည်ဟု လက်ရော့က ဆက်ပြောသည်။

အနောက်အုပ်စုသည် ရုရှားနိုင်ငံကို စစ်ဆင်နွှဲရန် နောက်တစ်ကြိမ်ဆုံးဖြတ်ချက်ချမှတ်ထားကြောင်း၊ အနောက်အုပ်စုအနေဖြင့် ရုရှားနိုင်ငံအပေါ် ထိုသို့နည်းဖြင့် မည်သည့်အခါကမျှ အနိုင်ရရှိခဲ့ခြင်းမရှိသကဲ့သို့ ယခုတစ်ကြိမ်တွင်လည်း ရုရှားအပေါ် အနိုင်ရမည်မဟုတ်ကြောင်း လက်ရော့ကဆက်ပြောသည်။

ပြီးခဲ့သည့် ဥရောပသမဂ္ဂ ထိပ်သီးညီလာခံ၌ အဖွဲ့ဝင်နိုင်ငံအများအပြားသည် ယူကရိန်းကိုထောက်ပံ့မှုပိုပေးကာ ရုရှားကိုပိတ်ဆို့မှုများပိုမိုချမှတ်ရန် ကြိုးပမ်းခဲ့ကြောင်းသိရသည်။ Ref: RT

# ကမ္ဘောဒီးယားက ထိုင်းမှဝင်လာမည့် မည်သည့်ကုန်တင်ယာဉ်ကိုမဆို ဖြတ်သန်းခွင့်မပြုတော့

ကမ္ဘောဒီးယားအစိုးရသည် ထိုင်းနိုင်ငံနှင့်ဆက်စပ်နေသည့် နယ်စပ်ဂိတ်များမှတစ်ဆင့် ဝင်ရောက်လာမည့် မည်သည့်ကုန်တင်ယာဉ်ကိုမဆို ဖြတ်သန်းခွင့်မပြုတော့ကြောင်း ကမ္ဘောဒီးယားလူဝင်မှုကြီးကြပ်ရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်၏ညွှန်ကြားချက်နှင့်အညီ ယခုလုပ်ဆောင်မှုကို အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း အဆိုပါဦးစီးဌာန၏ ဇွန်လ ၂၉ ရက် ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထိုင်းနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် နှစ်နိုင်ငံမှကုန်စည်များကူးသန်းရာနေရာများဖြစ်သော နယ်စပ်စစ်ဆေးရေးဂိတ်များကို ပိတ်ထားသည့်မူဝါဒကာလပတ်လုံး ထိုညွှန်ကြားချက်က အသက်ဝင်နေမည်ဖြစ်သည်ဟု ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။ ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကြား တင်းမာမှုများဖြစ်ပွားနေစဉ် နှစ်နိုင်ငံကြားရှိ နယ်စပ်စစ်ဆေးရေးဂိတ်များကို နှစ်ဖက်စလုံးက ပိတ်လာခြင်းဖြစ်ကြောင်းသိရသည်။ Ref: TST

# ဂျပန်က H2A အမျိုးအစားဒုံးပျံကို အကြိမ် (၅၀) မြောက်အဖြစ် အောင်မြင်စွာလွှတ်တင်

ဂျပန်နိုင်ငံသည် နိုင်ငံ၏ထင်ရှားသော အာကာသယာဉ်လွှတ်တင်ရေးဒုံးပျံဖြစ်သည့် H2A အမျိုးအစားဒုံးပျံကို အကြိမ် (၅၀) မြောက်အဖြစ် ဇွန်လ ၂၉ ရက်နံနက်အစောပိုင်းတွင် အောင်မြင်စွာလွှတ်တင်လိုက်ကြောင်းသိရသည်။

အဆိုပါလွှတ်တင်မှုကို ကာဂိုရှီးမားစီရင်စုရှိ တာနေဂါရှီးမားအာကာသစခန်းမှနံနက် ၁ နာရီ ၃၃ မိနစ်တွင်လုပ်ဆောင်ခြင်းဖြစ်ပြီး ထိုဒုံးပျံက Ibuki-GW ဂြိုဟ်တုကိုသယ်ဆောင်သွားခြင်းဖြစ်သည်။

ယင်းဂြိုဟ်တုကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်လေ့လာရေးအဖွဲ့နှင့် ဂျပန်လေကြောင်းအာကာသလေ့လာရေးအေဂျင်စီတို့က ဖန်တီးထားခြင်းဖြစ်ပြီး အာကာသမှနေ၍ ဖန်လုံအိမ်ဓာတ်ငွေ့များကို စောင့်ကြည့်သွားမည်ဖြစ်သည်။

ဂျပန်နိုင်ငံက H2A ဒုံးပျံကို ၂၀၀၁ ခုနှစ်ကတည်းက စတင်အသုံးပြုလာခြင်းဖြစ်ပြီး ဂျပန်နိုင်ငံ၏သိပ္ပံနှင့်အာကာသလေ့လာရေးလုပ်ဆောင်ချက်များတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ Ref: Xinhua

# ဂါဇာမြောက်ပိုင်းရှိ ပါလက်စတိုင်းပြည်သူများ ဘေးလွတ်ရာသို့ရွှေ့ပြောင်းရန် အစ္စရေးအမိန့်ထုတ်


ဂါဇာမြောက်ပိုင်းဒေသ၌ နေထိုင်နေသော ပါလက်စတိုင်းပြည်သူများအနေဖြင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ရန် အစ္စရေးတပ်မတော်က ဇွန်လ ၂၉ ရက်တွင်အမိန့်ထုတ်လိုက်ကြောင်းသိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အစ္စရေးနှင့်ဂါဇာတို့ကြားဖြစ်ပွားနေသည့် ပဋိပက္ခများ အဆုံးသတ်စေရေးအတွက် တောင်းဆိုထားစဉ် အစ္စရေးက ဟားမတ်တို့အပေါ် ပြင်းထန်သည့်တိုက်ခိုက်မှုများ မလုပ်မီ ပါလက်စတိုင်းပြည်သူများကို ဘေးကင်းရာသို့ရွှေ့ပြောင်းခိုင်းခြင်းဖြစ်သည်။

အစ္စရေးတပ်မတော်သည် သတ်မှတ်ထားသောရည်မှန်းချက်နှင့် နီးကပ်နေပြီဖြစ်သော်လည်း ဂါဇာဒေသတွင် အောင်မြေထပ်မံချဲ့ခြင်းသည် ဟားမတ်တို့လက်တွင်းကျန်ရှိနေသော အစ္စရေးဓားစာခံများ၏ အသက်အန္တရာယ်ကို ပိုမိုစိုးရိမ်ရစေကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦးက သတိပေးထားသည်ဟု သိရသည်။ Ref: AGC


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ် ၊ ဇွန်လ)

### ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေး ရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွား တတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါ သည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများ မှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက် ကြရန်လိုအပ်ပါသည်။

**စနစ်ကျစွာ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်နည်း**



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်း ဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုး ခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများ ရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် –

**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

### ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင် ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ် တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင် ပဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊





(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေး ကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများ ဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက် ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှု နှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





**ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်**

- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ် ကြီးသူများ၊
- ဆီးချိုရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

# ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ရန် မြေပြင်ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဇွန် ၂၉**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လယ်ယာကေမျာမှထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ရန်မြေပြင်အကြို ကွင်းဆင်းစစ်ဆေးခြင်းကို ဇွန်လ ၂၉ ရက်တွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကြာပင်ကျေးရွာအုပ်စု ထန်းတပင်ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် လယ်ဝေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးတင့်၊ ဒက္ခိဏသီရိမြို့နယ် ဦးစီးမှူး ဒေါ်လဲ့လဲ့နိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ထန်းတပင်ကျေးရွာတွင် အရှည် ၁ မိုင် ၃ ဒသမ ၄၁ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ရန်အတွက် မြေပြင် Survey တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက အဆိုပါကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါကျေးလက်ကုန်ထုတ်လမ်းသည် ရိစာခင်းခြင်းလုပ်ငန်း အမျိုးအစားဖြစ်ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေများအကုန်အကျခံ၍ တင်ဒါအောင်မြင်သည့်ကုမ္ပဏီများက အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ကာရံ (ကျေးလက်)**

# ဆေးတက္ကသိုလ်-တောင်ကြီး ပါမောက္ခချုပ် တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



**တောင်ကြီး ဇွန် ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ပြည်နယ်အားကစားကွင်း၌ ဇွန်လ ၂၈ ရက် ညနေ ၃ နာရီတွင် ဆေးတက္ကသိုလ်-တောင်ကြီးပါမောက္ခချုပ် တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပသည်။

ရှေးဦးစွာ Final Part 2 (5/2024) Fc အသင်းနှင့် Final Part 2 (5/2025) Fc အသင်းတို့ ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြသည်။

ထိုသို့ ယှဉ်ပြိုင်ကစားနေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးရာ Final Part 2(5/2024) Fc အသင်းက Final Part 2 (5/2025) Fc အသင်းကို ၂ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ဆက်လက်၍ ဆုပေးပွဲကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူတို့က နှစ်သိမ့်ဆု၊ 3rd runner up၊ 2nd runner up၊ 1st runner up ရရှိသော "Cheer Leadering Award" အသင်းတို့နှင့် "The Best Cheer leadering Team" ရရှိသောအသင်းတို့ကို ဆုတံဆိပ်နှင့်ငွေသားဆုများ အသီးသီးပေးအပ်သည်။

ထို့နောက် အကောင်းဆုံး ဂိုးသမားဆု၊ နောက်တန်းအကောင်းဆုံးကစားသမားဆု၊ အလယ်တန်းအကောင်းဆုံးကစားသမားဆု၊ ရှေ့တန်း အကောင်းဆုံးကစားသမားဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုနှင့် နှစ်သိမ့်ဆုရရှိသော အသင်းတို့ကို ငွေသားဆုနှင့် ဆုတံဆိပ်တို့ကို အသီးသီးပေးအပ်ပြီး တတိယဆုရရှိသော Medical Year 3 (5/2025) Fc အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ ဒုတိယဆုရရှိသော Final Part 2 (5/2025) Fc အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ ပထမဆုရရှိသော Final Part 2 (5/2024) Fc အသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ချန်ပီယံဆုဖလားတို့ကို လည်းကောင်း တာဝန်ရှိသူများက အသီးသီးပေးအပ်ကြောင်း သိရသည်။

(၄၀၅)

# ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလုပ်ငန်း တိုးမြှင့်ဆောင်ရွက်

**မြဝတီ ဇွန် ၂၉**

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း လမ်းအသုံးပြုသူ မော်တော်ယာဉ်/မော်တော်ဆိုင်ကယ်များအား မော်တော်ယာဉ် နည်းဥပဒေ/ ဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း တိကျစွာလိုက်နာမှုရှိစေရေး အသိပညာပေးစစ်ဆေးဆောင်ရွက်ခြင်းကို ဇွန်လ ၂၈ ရက် ညနေပိုင်းတွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ဘုရားကြီးဝင်းရှေ့၌ ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးဆောင်ရွက်ခြင်းကို အမှတ်(၇၃) ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး အောင်လင်းငွေး ဦးဆောင်၍ မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး အထောက်အကူပြုဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့တို့သည် မော်တော်ယာဉ်မောင်းလိုင်စင် ပါ၊ မပါ စစ်ဆေးခြင်း၊ သတ်မှတ်ဝန်တင်အားထက်ကုန်ပစ္စည်းများ သယ်ဆောင်မှုရှိ၊ မရှိ စစ်ဆေးခြင်းနှင့် မြင်နိုင်စွမ်း သတ်မှတ်ရာခိုင်နှုန်းထက် စတေကာ တပ်ဆင်အသုံးပြုမှုများကို စစ်ဆေးသည်။

ထို့နောက် ယာဉ်မောင်းသူများ လိုက်နာရမည့် ယာဉ်စည်းကမ်းများ၊ သတ်မှတ်ဇရိယာအတွင်း မောင်းနှင်ရမည့် မိုင်နှုန်းများအား ရှင်းလင်းပြောကြားသည်။

ထို့ပြင် စည်းကမ်းချက်များနှင့်အညီ မလိုက်နာသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများဖြင့် အရေးယူဆောင်ရွက်ခြင်းများကို အပတ်စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၄၀၆)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပို ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်အဆောက်အအုံအပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စစ်ကိုင်းတံတား(အင်းဝ)တွင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)မှ တာဝန်ယူဆောင်ရွက်နေသောခုံးအမှတ်(၄)နှင့်(၅)တို့ကို ကျွမ်းကျင်လုပ်သားများ၊ စက်ယန္တရားများနှင့် နည်းပညာအထောက်အကူပြု၍ စနစ်တကျစီမံခန့်ခွဲ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇွန် ၂၉

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် နေရာများဖြစ်သည့် မျိုးရင်ရင်သီလရှင်စာသင်တိုက်နှင့် သာသနိကအဆောက်အအုံအပျက်အစီးများနှင့်နေအိမ်အဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု၊ မဟာစေတီလှစေတီတော်အား အသစ်တစ်ဖန်ပြန်လည်တည်ထားကိုးကွယ်မည့်မြေနေရာကို စက်ယန္တရားကြီးများဖြင့် အင်တိုက်အားတိုက် ပြင်ဆင်ဆောင်ရွက်နေမှုနှင့် လေးကျွန်းမြေအုဌ်ကျောင်း ပရိယတ္တိစာသင်တိုက်ရှိသာသနိကအဆောက်အအုံ အပျက်အစီးများကို ဖယ်ရှားရှင်းလင်းပြီး ယာယီစာသင်ဆောင်များနှင့် ယာယီကျောင်းဆောင်များဆောက်လုပ်ပြီးစီးမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့်တာဝန်ရှိသူများသည် မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာအုပ်စု၊ သပြေတန်းကျေးရွာရှိ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော စစ်ကိုင်းတံတား(အင်းဝ)၌ တံတားအပျက်အစီးများ ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)မှ တာဝန်ယူဆောင်ရွက်နေသော ခုံးအမှတ်(၄)နှင့်(၅)တို့ကို ကျွမ်းကျင်လုပ်သားများ၊ စက်ယန္တရားများနှင့် နည်းပညာအထောက်အကူပြု၍ စနစ်တကျစီမံခန့်ခွဲ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး၍တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့်တာဝန်ရှိသူများသည် အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာအုပ်စုရှိ သမိုင်းဝင်မဟာအောင်မြေ ရွှေကြက်ယက်ဆုတောင်းပြည့်မြတ်စွာဘုရားရှိငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော စေတီတော်ကြီးအား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)






**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**နေပြည်တော်**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ ၂၀၂၅ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ ၂၀၂၆ ခုနှစ် မတ်လ(၃၁)ရက်နေ့အထိ ဘဏ္ဍာရေးနှစ်အတွင်း ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်တွင် Microscope များ၊ ရေသန့်စက်များ၊ ရေသန့်စက် Refill များ၊ Solar power System များ၊ Projector များ၊ ကွန်ပျူတာများ၊ Printer များ၊ Copier များ၊ Duplicator များ၊ Single Desk & Chair(အနိမ့်၊ အမြင့်) များနှင့်ဗီရိုများ ဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ(Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| အိတ်ဖွင့်တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန် | - | ၃၀-၆-၂၀၂၅(၁၀:၀၀)နာရီ |
| အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်၊ အချိန် | - | ၁၄-၇-၂၀၂၅(၁၆:၃၀)နာရီ |
| တင်ဒါဝယ်ယူရမည့်နေရာနှင့် တင်သွင်းရမည့်နေရာ | - | ရုံးအမှတ်(၁၃)၊ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော် |

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ် (၀၆၇-၃၄၀၇၆၈၇ နှင့် ၀၆၇-၃၄၀၇၆၉၄)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ရွာထောင်ကျေးရွာနေ အဘ ဦးတင့်ဆွေ၏သမီး မစန်းစန်းတင့်နှင့် မစန်းသီတာဆွေမှာ တစ်ဦးတည်းဖြစ်ပြီး အမည်မှန်မှာ ၈/ရစက(နိုင်)၁၅၄၉၀၀ အရ မစန်းသီတာဆွေ ဖြစ်ပါကြောင်း။
မစန်းသီတာဆွေ

**ပျောက်ဆုံးကြောင်း**
မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်နေ ဦးဇော်လင်း(ဘ)ဦးဝင်းမောင် ၉/မနတ(နိုင်)၀၅၅၁၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**ပျောက်ဆုံးကြောင်း**
ရွှေဇင်အိ(ဘ)ဦးအောင်မြင့် ၁၄/ပတန(နိုင်)၂၅၄၃၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၃၉၈၉၃၄၁

**ပျောက်ဆုံးကြောင်း**
ရဲဝင်းကို(ဘ)ဦးဝင်းဦး ၈/ဂဂန(နိုင်)၁၁၀၄၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
တိုးကိုကိုလွင်(ဘ)ဦးအေးလွင် ၁၂/ရပသ(နိုင်)၀၅၀၄၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 144952)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**
စဝင်းဝင်းထက်(ဘ)ဦးစိန်ဝင်းနိုင် ၁၄/အမန(နိုင်)၂၄၁၉၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ဖခင်အမည်မှန်**
မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အ.ထ.က(ချောင်းဆုံ)၊ Grade-8(C) မှ မသက်မှူးအိမ်၏ဖခင်အမည်မှန်မှာ စောဇော်ဦး ၁၀/ခဆန(နိုင်)၀၇၅၃၃၄ ဖြစ်ပါကြောင်း။
စောဇော်ဦး

**အမည်ပြောင်း**
ဘီးလင်းမြို့၊ မူလွန်-၂(တောင်စွန်း)ကျောင်း၊ Grade-4 မှ (ဘ)ဦးစိုးမင်း ၁၀/ဘလန(နိုင်)၁၇၅၆၃၇ ၏သား မောင်ထွဋ်တေဇအား မောင်တေဇာမင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်တေဇာမင်း

**ပျောက်ဆုံးကြောင်း**
မင်းဇော်မင်း(ဘ)ဦးထွန်းသိန်း ၃/ဘအန(နိုင်)၄၃၂၀၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 828255)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၈၀၁၇၁၄၀

**ပျောက်ဆုံးကြောင်း**
ဦးငွေအောင်(ဘ)ဦးတင်မြင့် ၃/ကဆက(နိုင်)၀၀၁၈၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၂၃၅၇၀၇၀

**ပျောက်ဆုံးကြောင်း**
အောင်မျိုးထိုက်(ဘ)ဦးရွှေဝင်း ၁၀/ခဆန(နိုင်)၀၇၄၀၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၆၉၀၆၅၇၈

**ပျောက်ဆုံးကြောင်း**
ကျော်သုခ(ဘ)ဦးစိုးချိန် ၁၀/မဒန(နိုင်)၂၆၀၄၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၄၇၀၆၁၂

**ပျောက်ဆုံးကြောင်း**
ဝင်းထွဋ်ဦး(ဘ)ဦးအောင်သန်း ၁၀/ရမန(နိုင်)၁၉၇၂၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၉၆၇၂၃၅၀

**ပျောက်ဆုံးကြောင်း**
သက်ပိုင်စိုး(ဘ)ဦးစိုးဝင်း ၁၀/မလမ(နိုင်)၂၄၂၃၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၀၂၇၇၅၈၅

**ပျောက်ဆုံးကြောင်း**
ကျော်မင်းအောင်(ဘ)ဦးအောင်မင်းထူး ၁၀/သဖရ(နိုင်)၁၄၈၀၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၃၆၅၈၈၀

**ပျောက်ဆုံးကြောင်း**
မိမြင့်သူဦး(ဘ)ဦးစံရှိန် ၁၀/ခဆန(နိုင်)၁၀၃၀၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၄၀၅၁၈၇

**ပျောက်ဆုံးကြောင်း**
ဦးဇော်ဝမ်း(ဘ)ဦးမောင်ရီ ၁၀/မလမ(နိုင်)၁၄၇၁၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၀၀၁၀၁၃၁

**ပျောက်ဆုံးကြောင်း**
မင်းစိုး(ဘ)ဦးမောင်ရှင်း ၃/ဘအန(နိုင်)၄၁၂၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 010219)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**တစ်ဦးတည်းဖြစ်ပါကြောင်း**
နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ မအူတောကျေးရွာအုပ်စု၊ မအူတောကျေးရွာနေ ဒေါ်တင်မယ် ၉/ပမန(နိုင်)၀၅၉၉၈၅ နှင့် ဒေါ်တင်မေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဒေါ်တင်မယ်(ခ)ဒေါ်တင်မေ

**ပျောက်ဆုံးကြောင်း**
ဒိုးသောင်အုပ်စု၊ ညောင်ပင်လှကျေးရွာနေ ဒေါ်ရင်ရင်မြင့်(ဘ)ဦးအောင်သန်း ၁၄/လပတ(နိုင်)၁၀၉၅၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
စစ်တွေမြို့၊ ကံပြင်ရွာဟောင်းရွာနေ မောင်ဆန်းလင်း(ဘ)ဦးစောလှမောင် ၁၁/စတန(နိုင်)၁၀၈၁၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

ထာဝရလှပသော အပြုံးအတွက်

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

# DENTOMEC






ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013

## Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။



ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း၊ ငွေသွင်းငွေထုတ်ခြင်း/ ငွေလွှဲခြင်း၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card Bill ပေးခြင်း၊
Internet Bill ပေးဆောင်ခြင်း၊ E - Topup ဖုန်းငွေဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း၊ ပြည်ပ ငွေလွှဲ (ထိုင်း)

Myanmar MOBILE MONEY

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

## အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ




ISO 9001
BUREAU VERITAS Certification
UKAS MANAGEMENT SYSTEMS




SIN MINN
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ

SIN MINN
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ

ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၉၊ email : scfg.kyaukse@gmail.com

ကြံတောင်သူစီးပွား၊ ပြည်တွင်းသကြား၊
ဝယ်ယူအားပေးကြပါစို့။








FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com

အုတ်တွင်းသကြားစက်

# လိုက်ပဇစ်အသင်းက တိုက်စစ်ကစားသမား ဆက်ကိုအတွက် ပြောင်းရွှေ့ကြေးကို ယူရို သန်း ၇၀ လျှော့ချသတ်မှတ်

**ပဲရစ် ဇွန် ၂၉**

လိုက်ပဇစ်အသင်းက အာဆင်နယ်အသင်းခေါ်ယူရန်ကြိုးပမ်းနေသည့် အသင်းမှ လူငယ်တိုက်စစ်ကစားသမား ဆက်ကိုအတွက် ပြောင်းရွှေ့ကြေးကို ယူရို သန်း ၇၀ လျှော့ချသတ်မှတ်ခဲ့ကြောင်း သိရသည်။

အသက် ၂၂ နှစ်အရွယ် ဆက်ကိုသည် ၂၀၂၃ ခုနှစ်က ဆဲလ်ဘတ်အသင်းမှ လိုက်ပဇစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၂ ပွဲကစားခဲ့ပြီး ၁၈ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး ယခုဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံ ၄၅ ပွဲကစားခဲ့ရာ ၂၁ ဂိုးသွင်းယူနိုင်သည်အထိ ခြေစွမ်းပြနိုင်ခဲ့သည့်အတွက် ဥရောပထိပ်တန်းအသင်းကြီးများ၏ပစ်မှတ်ထားခံနေရခြင်းဖြစ်သည်။

အာဆင်နယ်အသင်းက ပြီးခဲ့သည့်ဘောလုံးရာသီက တိုက်စစ်ပိုင်းလိုအပ်ချက်များကြောင့် အဆင့် (၂) နေရာဖြင့်သာ ကျေနပ်ခဲ့ရပြီး ချန်ပီယံဆုနှင့်လွဲချော်ခဲ့ရသည့်အတွက် လက်ရှိအပြောင်းအရွှေ့ကာလတွင် ထိပ်တန်းတိုက်စစ်ကစားသမားတစ်ဦး ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

အာဆင်နယ်အသင်းက ဆက်ကိုအားခေါ်ယူရန် ပြီးခဲ့သည့် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလကတည်းက ကြိုးပမ်းနေခြင်းဖြစ်ပြီး လက်ရှိနွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် ထပ်မံကြိုးပမ်းခဲ့သော်လည်း အစောပိုင်းက လိုက်ပဇစ်အသင်းက မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် ယူရို သန်း ၁၀၀ သတ်မှတ်ထားသည့်အတွက် အပြောင်းအရွှေ့မဖြစ်မြောက်သော်လည်း ယခုအခါ လိုက်ပဇစ်အသင်းက ပြောင်းရွှေ့ကြေးကို ယူရို သန်း ၇၀ လျှော့ချသတ်မှတ်ခဲ့သည့်အတွက် အာဆင်နယ်အသင်းက ခေါ်ယူရန်ပြန်လည်ကြိုးပမ်းနေကြောင်း သိရသည်။

*Ref;Fabrizio Romano*



# တိုက်စစ်ကစားသမား အမ်မိုဘူအတွက် မန်ယူအသင်းက ပြောင်းရွှေ့ကြေးတိုးမြှင့်ပြီး ဒုတိယအကြိမ်ကမ်းလှမ်းမှုကို ဘရန့်ဖို့ဒ်အသင်း ထပ်မံပယ်ချခဲ့

**မန်ချက်စတာ ဇွန် ၂၉**

မန်ယူအသင်းက ဘရန့်ဖို့ဒ်အသင်းမှ တိုက်စစ်ကစားသမား အမ်မိုဘူကို ခေါ်ယူရန် ပြောင်းရွှေ့ကြေးတိုးမြှင့်ပြီး ဒုတိယအကြိမ်ကမ်းလှမ်းခဲ့သော်လည်း ထပ်မံပယ်ချခံခဲ့ရကြောင်း သိရသည်။

မန်ယူအသင်းသည် လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းကစားသမားစာရင်းကို အပြောင်းအလဲကြီးကြီးမားမား လုပ်ဆောင်ရန်အတွက် ကြိုးပမ်းနေပြီး အသင်းတိုက်စစ်ပိုင်းအတွက်လည်း အမ်မိုဘူကိုခေါ်ယူရန် လက်ရှိအပြောင်းအရွှေ့ကာလအစပိုင်းကတည်းက ကြိုးပမ်းနေခြင်းဖြစ်သည်။

မန်ယူအသင်းက အသင်းတိုက်စစ်ပိုင်းအတွက် ဝုဗ်အသင်းမှ ကွန်ဟာကို ခေါ်ယူနိုင်ခဲ့ပြီး အမ်မိုဘူကိုပါခေါ်ယူရန်ကြိုးပမ်းနေကာ ပထမအကြိမ်အဖြစ် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၅ သန်းအပြင် အပိုဆုကြေးစတာလင်ပေါင် ၁၀ သန်းဖြင့် ကမ်းလှမ်းခြင်းကို ပယ်ချခံခဲ့ရခြင်းဖြစ်သည်။

မန်ယူအသင်းက ပထမအကြိမ်ကမ်းလှမ်းမှုကို ပယ်ချခံခဲ့ရသည့်အတွက် ပြောင်းရွှေ့ကြေးတိုးမြှင့်ပြီး စတာလင်ပေါင် ၅၅ သန်းအပြင် အပိုဆုကြေး စတာလင်ပေါင် ၇ ဒသမ ၅ သန်း စုစုပေါင်း ၆၂ ဒသမ ၅ သန်းဖြင့် ဒုတိယအကြိမ်ကမ်းလှမ်းခဲ့သော်လည်း ဘရန့်ဖို့ဒ်အသင်းက ထပ်မံပယ်ချခဲ့ခြင်းဖြစ်သည်။

အမ်မိုဘူသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘရန့်ဖို့ဒ်အသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး ဂိုး ၂၀ အထိသွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးမှုကိုးကြိမ်ပြုလုပ်နိုင်ပြီးနောက် မန်ယူအသင်းက ခေါ်ယူလိုနေခြင်းဖြစ်ပြီး အမ်မိုဘူကိုယ်တိုင်ကလည်း မန်ယူအသင်းသို့ ပြောင်းရွှေ့လိုသောကြောင့် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိထားသော်လည်း ဘရန့်ဖို့ဒ်အသင်းနှင့် ပြောင်းရွှေ့ကြေးညှိနှိုင်းမှု အဆင်မပြေဖြစ်နေသည့်အတွက် ကြန့်ကြာလျက်ရှိကာ စပါးအသင်းကလည်း မန်ယူအသင်းနှင့်အပြိုင် အမ်မိုဘူကိုခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

*Ref;Fabrizio Romano*

# အယ်နာဆာအသင်းက နည်းပြပီအိုလီကို နည်းပြရာထူးမှ ထုတ်ပယ်ကြောင်း အတည်ပြုကြေညာ



**ရီယက် ဇွန် ၂၉**

ဆော်ဒီထိပ်တန်းကလပ် အယ်နာဆာအသင်းက နည်းပြပီအိုလီကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြုကြေညာခဲ့သည်။

အယ်နာဆာအသင်းသည် ချန်ပီယံဆုဖလားများနှင့် ဝေးကွာနေသည်မှာ နှစ်ပေါင်းအတန်ကြာနေသည့်အတွက် ဥရောပမှထိပ်တန်းနည်းပြများကို မြင့်မားသည့်လုပ်ခလစာများဖြင့် ခေါ်ယူခန့်အပ်ခဲ့သော်လည်း အသင်းအနေဖြင့် ချန်ပီယံဆုအတွက် စိန်ခေါ်နိုင်စွမ်းပင်မရှိသေးဘဲ ယခုဘောလုံးရာသီတွင်လည်း ဆုဖလားလက်မဲ့ရာသီနှင့် တွေ့ကြုံခဲ့ရပြီးနောက် နည်းပြပီအိုလီကို ရာထူးမှထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အေစီမီလန်အသင်းနည်းပြဟောင်း ပီအိုလီသည် အေစီမီလန်အသင်းနှင့်လမ်းခွဲပြီးနောက် ၂၀၂၄ ခုနှစ် စက်တင်ဘာလက အယ်နာဆာအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး ယခုအခါ စာချုပ်သက်တမ်းမကုန်ဆုံးမီ ရာထူးမှထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

ပီအိုလီသည် ယခုဘောလုံးရာသီတွင် အယ်နာဆာအသင်းကိုတာဝန်ယူကိုင်တွယ်ခဲ့ရာ ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် အဆင့်(၃)နေရာ၌သာ ရပ်တည်နိုင်ခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းမရှိသကဲ့သို့ အာရှချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ဆီမီးဖိုင်နယ်အဆင့်မှပင်ထွက်ခွာခဲ့ရသည်။

အယ်နာဆာအသင်းက အသင်းမှ အဓိကတိုက်စစ်ကစားသမား စီရော်နယ်ဒိုကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုပြီးနောက် ရက်ပိုင်းအကြာတွင် နည်းပြပီအိုလီကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်ပြီး နည်းပြပီအိုလီသည် အယ်နာဆာအသင်းကို ပြိုင်ပွဲစုံ ၄၄ ပွဲ တာဝန်ယူကိုင်တွယ်ခဲ့ရာ ၂၈ ပွဲ အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကာ ခုနစ်ပွဲသရေရလဒ်နှင့် ကိုးပွဲရှုံးနိမ့်သည့်မှတ်တမ်းပိုင်ဆိုင်ခဲ့သူဖြစ်သည်။

အယ်နာဆာအသင်းက လာမည့်ဘောလုံးရာသီတွင် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးနိုင်ရန်အတွက် လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ဥရောပမှထိပ်တန်းကစားသမားများကို ခေါ်ယူရန်ကြိုးပမ်းနေသကဲ့သို့ လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက်လည်း ဥရောပမှ ထိပ်တန်းနည်းပြတစ်ဦးကိုခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

*Ref;Goal.com*

# ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ (၁၆)သင်းရှုံးထွက်အဆင့်တွင် ဘိုတာဖီဂိုကို ပါမီးယက်စ်အနိုင်ရရှိ

**ဝါရှင်တန် ဇွန် ၂၉**

အမေရိကန်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ (၁၆)သင်း ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ပါမီးယက်စ်အသင်းနှင့် ဘိုတာဖီဂိုအသင်းတို့ကစားရာ ပါမီးယက်စ်အသင်းက အချိန်ပိုသွင်းဂိုးဖြင့်အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဘရာဇီးကလပ်အသင်းများ အချင်းချင်းထိပ်တိုက်တွေ့ဆုံသည့်ပွဲစဉ်ဖြစ်သည်နှင့်အညီ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း ပွဲချိန် မိနစ် ၉၀ အတွင်း ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် အချိန်ပို မိနစ် ၃၀ ဆက်လက်ကစားခဲ့ရာ ပွဲချိန် မိနစ် ၁၀၀ တွင် ပယ်လင်ဟိုက ပါမီးယက်စ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ လက်ကျန်ပွဲချိန်များတွင် ဘိုတာဖီဂိုအသင်းက ချေပဂိုးအတွက် ပြန်လည်ဖိအားပေးခဲ့သော်လည်း ပွဲချိန် ၁၁၆ မိနစ်တွင် ဘိုတာဖီဂိုအသင်းမှ ဂိုမက်ဇ် အနီကတ်ကြောင့် ထွက်ခွာခဲ့ရသည့်အတွက် ဘိုတာဖီဂိုအသင်း ချေပဂိုးရရှိရန် ရုန်းကန်ခဲ့သော်လည်း ပွဲပြီးဆုံးချိန်တွင် ပါမီးယက်စ်အသင်းက ၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့်တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

*Ref;Fotmob*

# ဝေါမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၃၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉ သိန်းဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၉

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန်လ ၂၄ ရက်နေ့ နံနက် ၅ နာရီအချိန် ဝေါမြို့နယ်၊ ညောင်ခါးရှည်ကျေးရွာအနီးတွင် ရန်ကုန်မှ ထားဝယ်သို့ ဟိန်းလတ်မောင်းနှင်ပြီး နေလင်းထိုက်(ခ)မဲကြီးနှင့် ကောင်းစုညီ(ခ)စည်သူတို့လိုက်ပါလာသော NISSAN ၆ ဘီးမော်တော်ယာဉ်အား သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၉ သိန်း(တစ်ပြားလျှင် ငွေ ၁၅၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၃၅ ဘီလီယံ) ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရန်ကုန်မှ တစ်ဆင့် ထားဝယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ ၃ ဦးအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)



တရားခံ ဟိန်းလတ်၊ နေလင်းထိုက်(ခ)မဲကြီးနှင့် ကောင်းစုညီ(ခ) စည်သူတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။


# လေဖိအားနည်းရပ်ဝန်းဆက်လက်တည်ရှိနေ

နေပြည်တော် ဇွန် ၂၉

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေတို့၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ်တို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Thin Zarnwe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ အမှတ်(၆)ရပ်ကွက်နေ သဥ္စာနွယ်အား မွန်းလွဲ ၁၂ နာရီခွဲတွင် မြင်းခြံမြို့မရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဖမ်းဆီးရမိ တရုတ်နိုင်ငံသား ၂၀၇ ဦးအား ပြည်နှင်လွှဲပြောင်းပေးအပ်

နေပြည်တော် ဇွန် ၂၉

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ် တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးလျက်ရှိသည်။



မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများနှင့် ဒုစရိုက်မှုများ လုပ်ဆောင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၀၇ ဦးကို သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်စဉ်။

ထိုသို့ လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများနှင့် ဒုစရိုက်မှုများလုပ်ဆောင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၀၇ ဦးတို့ကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဇွန်လ ၂၄ ရက် ညနေပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းလားမြို့၊ တာလေ့ဂိတ်၌ မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများဖြင့် စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°c | / | ၃၀°c |
| ရန်ကုန် | ၂၄°c | / | ၃၁°c |
| မန္တလေး | ၂၆°c | / | ၃၆°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

**ဇွန်လ ၂၇ ရက်**တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ ရွှေဘိုမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၅၁၄၄)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Scania Bus (၁)စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၀၂၅၁၄၄)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့်မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၁၁၂၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၁၁၁၂၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇွန်လ ၂၈ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့၊ ရွှေဟင်္သာရပ်ကွက်၊ ရွာမလမ်း၊ အမှတ်(၃)ရှိဂိုဒေါင်(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၉၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇွန်လ ၂၈ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် (၈)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၃၁) စီးဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန်လ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၅)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၀၃၆၃၄၄)** ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုး သက်ရောက်ခြင်းများကြောင့် တရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

မြဝတီ

## မြစ်ရေကြီးခြင်းသတိပေးချက်

နေပြည်တော် ဇွန် ၂၉

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၁ ပေခန့်တွင် ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခန့်တွင်ရောက်ရှိနေပြီး နောက် ၃၆ နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၂ ပေကျော်တွင် ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်ပါသည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၄ ပေခွဲခန့်တွင် ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်ပါသည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၂ ပေခွဲကျော်တွင် ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ မင်းကင်းမြို့၊ မုံရွာမြို့၊ ဖောင်းပြင်မြို့၊ မဒေါက်မြို့၊ ပဲခူးမြို့နှင့် ဘားအံမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၀၆၀ ဖြစ်ကြောင်းထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၂၉

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇွန်လ ၃၀ ရက်မှ ဇူလိုင်လ ၆ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၀၆၀ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့်ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

မြဝတီ

## ၂၉-၆-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၈၈၀,၀၀၀)**ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၆-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပခုက္ကူ | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၄၀ | ၃၂၅၅ | ၃၂၂၀ | ၃၁၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | ၄၅၀၅ | ၃၅၀၅ | ၃၂၃၀ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၅ | ၃၂၈၅ | ၃၅၄၅ |
| 95 Ron | ၃၂၁၀ | ၃၃၂၅ | ၃၂၉၀ | ၃၂၂၅ | ၃၃၃၀ | ၃၃၄၅ | ၃၃၆၀ | ၃၂၈၀ | ၄၅၆၀ | ၃၅၇၅ | ၃၂၉၅ | ၃၃၀၀ | ၃၃၇၀ | ၃၃၃၅ | ၃၃၅၅ | ၃၆၁၀ |
| HSD (500 ppm) | ၂၇၃၀ | ၂၈၄၅ | ၂၈၁၀ | ၂၇၄၅ | ၂၈၅၀ | ၂၈၆၅ | ၂၈၈၀ | ၂၈၀၀ | - | ၃၀၉၅ | ၂၈၂၀ | ၂၈၂၀ | ၂၈၉၀ | ၂၈၅၅ | ၂၈၇၅ | ၃၁၃၅ |
| HSD (50 ppm) | ၃၃၈၅ | ၃၅၀၀ | ၃၄၆၅ | ၃၄၀၀ | ၃၅၀၅ | ၃၅၂၀ | ၃၅၃၅ | ၃၄၅၅ | ၄၈၃၀ | ၃၇၅၀ | ၃၄၇၀ | ၃၄၇၅ | ၃၅၄၅ | ၃၅၁၀ | ၃၅၃၀ | ၃၇၈၅ |
| HSD (10 ppm) | ၃၃၈၅ | ၃၅၀၀ | ၃၄၆၅ | ၃၄၀၀ | ၃၅၀၅ | ၃၅၂၀ | ၃၅၃၅ | ၃၄၅၅ | - | ၃၇၅၀ | ၃၄၇၀ | ၃၄၇၅ | ၃၅၄၅ | ၃၅၁၀ | ၃၅၃၀ | ၃၇၈၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၆၆ | ၃၀၅၉ |
| 95 Ron | ၃၀၃၃ | ၃၁၂၈ |
| HSD (500 ppm) | ၂၅၆၉ | ၂၆၅၀ |
| HSD (50 ppm) | ၃၂၀၃ | ၃၂၉၇ |
| HSD (10 ppm) | ၃၂၀၃ | ၃၂၉၇ |

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**❖ မည်သည့်အဖွဲ့အစည်းတွင်မဆို ခေါင်းဆောင်များ၏အခန်းကဏ္ဍသည် အရေးကြီးသည့်အတွက် မိမိအဖွဲ့အစည်းက အားကိုးရသည့် ခေါင်းဆောင်ကောင်းများဖြစ်စေရန်နှင့် မိမိအရည်အသွေးကို တိုးတက်အောင် အမြဲကြိုးစားဆောင်ရွက်နေကြရန်လိုအပ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင်ပြုလုပ်သော ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။


၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ Baikal ရေကန်နှင့် Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံတို့သို့ သွားရောက်လေ့လာ






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံတွင် ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် ဇွန် ၂၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Buryatia ပြည်နယ်သို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Baikal ရေကန်နှင့် Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံတို့သို့ သွားရောက်လေ့လာသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ Buryatia ပြည်နယ်၊ ပြည်နယ်အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov နှင့်တာဝန်ရှိသူများလိုက်ပါ၍ Baikal ရေကန်အား ရေယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။ ထိုသို့ကြည့်ရှုလေ့လာစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား Buryatia ပြည်နယ်၊ ပြည်နယ်အကြီးအကဲက Baikal ရေကန်ဆိုင်ရာ အချက်အလက်များနှင့် **စာမျက်နှာ ၁၆ ကော်လံ ၄ ➲**

## ဆောင်းပါး

**မြန်မာနိုင်ငံအတွက် အကျိုးစီးပွားများစွာဖော်ဆောင်နိုင်ခဲ့တဲ့ စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ် (EEF 2025) သို့ ခရီးစဉ်**

စာ - ၁၂ သို့

**UFC-317 ပြိုင်ပွဲတွင် ဖလိုင်းဝိတ်တန်း အဆင့် ၁ ဖိုက်တာ Brandon Royval ကို မြန်မာဖိုက်တာ Joshua Van အနိုင်ရ**

စာ - ၉ သို့

**အာရှဖလားအမျိုးသမီးခြေစစ်ပွဲ အုပ်စုပထမပွဲတွင် မြန်မာအသင်း ဂိုးပြတ်အနိုင်ရ**

စာ - ၅ သို့